# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်၊ အင်္ဂါနေ့။ Tuesday, 16 May 2023 ၁၁၀၉၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၇ မြို့နယ်ကို သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများအဖြစ် ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ကြေညာချက်အမှတ်၊ ၁ /၂၀၂၃**

၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်
(၂၀၂၃ ခုနှစ်၊ မေလ ၁၅ ရက်)

၁။ အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါ (MOCHA)သည် ၁၄-၅-၂၀၂၃ နေ့တွင် မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းဒေသများကို စစ်တွေမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပါသည်။

၂။ အဆိုပါ အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်ရှိ ကျောက်ဖြူမြို့နယ်၊ မာန်အောင်မြို့နယ်၊ ရမ်းဗြဲမြို့နယ်၊ အမ်းမြို့နယ်၊ စစ်တွေမြို့နယ်၊ ပေါက်တောမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ ဂွမြို့နယ်၊ တောင်ကုတ်မြို့နယ်၊ သံတွဲမြို့နယ်၊ မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်၊ ကျောက်တော်မြို့နယ်၊ မင်းပြားမြို့နယ်၊ မြောက်ဦးမြို့နယ်၊ မြေပုံမြို့နယ်တို့ကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ် ကြေညာလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးအတွက် လိုအပ်သည်များ လမ်းညွှန်မှာကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ သွားရောက်ကြည့်ရှု

## သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးအတွက် လိုအပ်သည်များ လမ်းညွှန်မှာကြား

နေပြည်တော် မေ ၁၅

အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) "မိုခါ" (MOCHA)သည် မေ ၁၄ ရက်တွင် ရခိုင်ကမ်းရိုးတန်းဒေသများသို့ စစ်တွေမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကာ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်ကိုလည်း သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ် ကြေညာထားပြီးဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰

ကြေးမုံ

# လျှင်လျှင်မြန်မြန်ပြန်လည်တုံ့ပြန် တစ်ယောက်မကျန်ကူညီဆောင်ရွက်

အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"သည် မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ခန့်မှန်းထားသည့်အတိုင်း ရခိုင်ကမ်းရိုးတန်း စစ်တွေမြို့အနီးမှဖြတ်ကျော်ပြီး ကုန်းတွင်းပိုင်း မတူပီမြို့အနီးမှ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး(မြောက်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး(မြောက်ပိုင်း)တို့သို့ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

မုန်တိုင်းသည် ရခိုင်ပြည်နယ်ကိုဖြတ်ကျော်စဉ် အမြင့်ဆုံးလေတိုက်နှုန်း တစ်နာရီလျှင် မိုင် ၁၃၀ မှ ၁၃၇ မိုင်နှင့် မုန်တိုင်းဒီရေ ပေ ၂၀ ခန့်အထိရှိခဲ့သည်။ စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ ဧရာဝတီတိုင်းဒေသကြီးတို့နှင့် ချင်းပြည်နယ်တို့တွင် လေတိုက်နှုန်း တစ်နာရီလျှင် မိုင် ၅၀ မှ ၇၀ ခန့်နှင့် နေပြည်တော်၊ ပဲခူး၊ ရန်ကုန်တိုင်းဒေသကြီးတို့နှင့် ကချင်၊ ရှမ်း၊ ကယားပြည်နယ်တို့တွင် လေတိုက်နှုန်း တစ်နာရီလျှင် မိုင် ၄၀ မှ ၅၀ ခန့်အထိ တိုက်ခတ်ခဲ့သည်။ အင်အားပြင်းသော လေတိုက်နှုန်းများဖြင့် တိုက်ခတ်ခဲ့သောကြောင့် ပျက်စီးဆုံးရှုံးမှုများ အနည်းနှင့်အများ ရှိမည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်ဟူသည် မည်သူမျှ တားဆီးပပျောက်နိုင်အောင် ပြုလုပ်နိုင်စွမ်းမရှိသော်လည်း သဘာဝဘေးအန္တရာယ်ကို လျှင်လျှင်မြန်မြန်တုံ့ပြန် စီမံခန့်ခွဲနိုင်သည့် စွမ်းပကားသည် ပျက်စီးဆုံးရှုံးမှုများလျော့နည်းအောင် လျှော့ချနိုင်ပေသည်။

မြန်မာနိုင်ငံတွင် မေလအတွင်း တိုက်ခတ်ခဲ့သည့် အင်အားအပြင်းထန်ဆုံး ဆိုင်ကလုန်းမုန်တိုင်းများကို လေ့လာကြည့်လျှင် ၁၉၉၄ ခုနှစ်တွင် ရခိုင်ပြည်နယ်၌ တိုက်ခတ်ခဲ့သည့် မုန်တိုင်းသည် လေတိုက်နှုန်း တစ်နာရီလျှင် ၁၄၅ မိုင်နှုန်းနှင့် ၂၀၀၈ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး၌ တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်းသည် တစ်နာရီလျှင် ၁၄၅ မိုင်နှုန်းဖြင့် အများဆုံးစံချိန်တင်ခဲ့သည်။ ထိုစဉ်က မုန်တိုင်းများကို လျှင်လျှင်မြန်မြန် ပြန်လည်တုံ့ပြန်နိုင်မှုနှင့် သဘာဝဘေးကြိုတင်အသိပေးမှုများ အားနည်းသောကြောင့် ထိခိုက်ဆုံးရှုံးမှုများ မြင့်မားခဲ့သည်။ ယခုတိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"သည် လေတိုက်နှုန်း တစ်နာရီလျှင် ၁၃၇ မိုင်နှုန်းအထိ ရှိပြီး ကြိုတင်ပြင်ဆင်စီမံခန့်ခွဲနိုင်မှုနှင့် လျှင်လျှင်မြန်မြန် ပြန်လည်တုံ့ပြန်နိုင်မှုများကြောင့် ထိခိုက်ဆုံးရှုံးမှုများ လျှော့ချနိုင်သည်ဟု ဆိုရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အချိန်ကာလအလျောက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်တွက်ဆပြီး ကာကွယ်စောင့်ရှောက်ရေးအစီအမံများကို စနစ်တကျပြုလုပ်ထားနိုင်ရန်၊ သဘာဝဘေးအန္တရာယ် ကျရောက်လာသည့် အခြေအနေတွင် ကယ်ဆယ်ရေး၊ ထောက်ပံ့ကူညီရေးလုပ်ငန်းများကို ထိရောက်လျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့သည်။ အဆိုပါကော်မတီတွင် ပါဝင်ကြသည့် လုပ်ငန်းကော်မတီ (၁၂) ခုတို့သည် ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" ဖြစ်ပေါ်နေချိန်တွင် ဆိုင်ရာလုပ်ငန်းများကို လျှင်လျှင်မြန်မြန် ထိထိရောက်ရောက် တုံ့ပြန်ဆောင်ရွက်ခဲ့ကြသည်။ မေလ ၁၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က "မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး မည်သူတစ်ဦးတစ်ယောက်မျှ ကျန်ရှိမှုမရှိစေရေး ကူညီဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထိခိုက်မှုအနည်းဆုံးဖြင့် မုန်တိုင်းအန္တရာယ်ကို အောင်မြင်စွာကျော်လွှားနိုင်ရေး မိမိကိုယ်တိုင် မျက်ခြည်မပြတ်စောင့်ကြည့်ပြီး အချိန်နှင့်တစ်ပြေးညီ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း" ပြောကြားခဲ့သည်။

မုန်တိုင်းကျရောက်လာလျှင် ပြည်သူများ အလွယ်တကူသိရှိမှတ်သား လိုက်နာနိုင်ရန်အတွက် အဝါရောင်အဆင့်၊ လိမ္မော်ရောင်အဆင့်၊ အနီရောင်အဆင့်၊ အညိုရောင်အဆင့်၊ အစိမ်းရောင်အဆင့်များ သတ်မှတ်ထုတ်ပြန်ပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ခဲ့သည်။ နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် မုန်တိုင်းသတိပေးချက်များကို အချိန်နှင့်တစ်ပြေးညီ အသိပေးနိုင်ခဲ့သည်။ ကြိုတင်ပြင်ဆင်မှုအဖြစ် ထိခိုက်ခံရနိုင်ခြေများသည့် ဒေသများတွင် နားခိုသည့်အဆောက်အအုံများ၊ ကယ်ဆယ်ရေးပစ္စည်းများ အသင့်ပြင်ဆင်ထားနိုင်ခဲ့သည်။ မုန်တိုင်းမလာခင် ကြိုတင်လေ့ကျင့်မှု၊ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးမှု စသည်တို့ကို သက်ဆိုင်ရာအဖွဲ့အစည်းများ ညီညီညွတ်ညွတ် ပူးပေါင်းကာ ကြိုတင်ဆောင်ရွက်နိုင်ခဲ့သည်။

ယခုအခါ ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" သည် ကုန်းတွင်းပိုင်းသို့ ဝင်ရောက်ခဲ့ပြီး မကြာမီမုန်တိုင်းပျက်ပြယ်သွားမည်ဖြစ်သည်။ သို့သော် မုန်တိုင်းအန္တရာယ်ကင်းရှင်းကြောင်း သက်ဆိုင်ရာအစိုးရဌာနမှ သတင်းထုတ်ပြန်သည်အထိ ဘေးကင်းလုံခြုံစိတ်ချရသောနေရာတွင် ဆက်လက်နေထိုင်ရန် လိုအပ်သည်။ သို့ဖြစ်ရာ အင်အားပြင်းထန်သည့် မုန်တိုင်းအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများ ယခင်ထက် လျော့နည်းသွားခြင်းသည် စနစ်တကျကြိုတင်စီမံခန့်ခွဲမှုနှင့် လျှင်လျှင်မြန်မြန် တုံ့ပြန်ဆောင်ရွက်နိုင်မှုတို့ကြောင့်ဖြစ်ပါကြောင်း။ ။

# ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များအား ကိုဗစ် - ၁၉ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံ



ရန်ကုန် မေ ၁၅

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကြားတောရရပ်ကွက် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များအား ကိုဗစ်-၁၉ ကာကွယ်ဆေး (Sinopharm) ထပ်ဆောင်း ထိုးနှံခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်းတိုက်ရှိ အဘိဓဇဆွမ်းစားကျောင်းတော်ကြီး၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုနှင့် စပ်လျဉ်း၍ သိကောင်းစရာများကို ဆရာတော်သံဃာတော်များအား ရှင်းလင်းလျှောက်ထားပြီး နိုင်ငံတော် ဗဟိုသံဃဝန်ဆောင်၊ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ တိပိဋကသြဝါဒါစရိယ စေတိယင်္ဂဏပဝရ သီရိမဟာဓမ္မဂုရု ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ (လုရတနာဆရာတော်) အမှူးပြုသည့် ဆရာတော်၊ သံဃာတော် အပါး ၁၀၀ ကို ကိုဗစ်-၁၉ ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံပေးကြသည်။

အဆိုပါ ကာကွယ်ဆေးများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shenzfen ဗုဒ္ဓဘာသာအဖွဲ့ အတွင်းရေးမှူးနှင့် တောင်တရုတ်ပင်လယ် တရုတ်ဗုဒ္ဓဘာသာ ဒုတိယဥက္ကဋ္ဌ Hongfa ဘုန်းတော်ကြီးကျောင်း ဆရာတော် Venerable Master Yinshun တို့ကိုယ်စား တရုတ်ကုန်သည်ကြီးများအသင်းက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီး အမှူးပြုသော ဆရာတော်ကြီးများထံ လာရောက် လှူဒါန်းခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကိုဗစ် - ၁၉ ကာကွယ်ဆေး (Sinopharm) များကို မေ ၁၆ ရက်တွင် သာစုပရိယတ္တိစာသင်တိုက်နှင့် ကွင်းကျောင်း ပရိယတ္တိစာသင်တိုက်၊ မေ ၁၇ ရက်တွင် လင်းလွန်ပင်ကျောင်းတိုက်နှင့် ဝါယာလက်ကျောင်း၊ မေ ၁၈ ရက်တွင် ရွှေမြိုင်သီရိ သီလရှင်စာသင်တိုက်နှင့် ကလေးဝတောရ စာသင်တိုက်၊ မေ ၁၉ ရက်တွင် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ မေ ၂၀ ရက်တွင် စွန်းလွန်းဂူဝိပဿနာကျောင်းနှင့် စစ်ကိုင်းစာသင်တိုက်၊ မေ ၂၁ ရက်တွင် အလင်းရတနာ သီလရှင်စာသင်တိုက်၊ တိက္ခာရာမ သီလရှင်ကျောင်းနှင့် ရတနာမြိုင်ကျောင်း၊ မေ ၂၂ ရက်တွင် မင်္ဂလာသုခပါဠိတက္ကသိုလ်၊ မေ ၂၃ ရက်တွင် အနန္တဂုဏ်ရည်ကျောင်းတိုက်နှင့် မင်္ဂလာသီရိကျောင်းတိုက်၊ မေ ၂၄ ရက်တွင် သံတံတားရွာဦးကျောင်းတိုက်၊ မေ ၂၅ ရက်တွင် သီတဂူဗုဒ္ဓတက္ကသိုလ်နှင့် ပါရမီသီလရှင်စာသင်တိုက်တို့၌ ဆရာတော်၊ သံဃာတော်၊ သီလရှင် စုစုပေါင်း ၁၀၂၈ ဦးတို့ကို ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၅ - ၅ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၁၀၀ | ၈,၁၀၀ | ၇၆၄ | ၆,၁၄၅,၄၀၀ |
| MTSH | ၂,၉၅၀ | ၂,၈၀၀ | ၁၅၈ | ၄၅၇,၄၀၀ |
| MCB | ၇,၀၀၀ | ၇,၀၀၀ | ၀ | ၀ |
| FPB | ၁,၄၅၀ | ၁,၄၅၀ | ၃,၆၉၇ | ၅,၃၆၀,၆၅၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၀ | ၀ |
| EFR | ၂,၅၅၀ | ၂,၅၅၀ | ၃ | ၇,၆၅၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၁၅

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၂၈၂.၆ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၃၀၂.၀၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၂.၁၃၉ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၆၆.၉၃ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၅၁၇ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၀၃.၀ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၆၉.၀ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၅၄၁.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၆.၉၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ရှင်းလင်းတင်ပြစဉ်။

☆ ရှေ့ဖုံးမှ

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီး များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ လိုက်ပါ၍ သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သည့် စစ်တွေမြို့သို့ သွားရောက်ပြီး အရေးပေါ်စီမံ ခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ် ရေးနှင့် ပူးပေါင်းဆောင်ရွက်နိုင် ရေး၊ ပြန်လည်ထူထောင်ရေး ဆိုင်ရာ ကိုယ်စီလုပ်ငန်းတာဝန် များပေးအပ်နိုင်ရေး လိုအပ်သည် များ လမ်းညွှန်မှာကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေ မြို့ လေဆိပ်သို့ရောက်ရှိကြပြီး စစ်တွေမြို့အတွင်း ဆိုင်ကလုန်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံး ခဲ့ရမှုများကို မော်တော်ယာဉ်များ ဖြင့် ကြည့်ရှုသည်။

## ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် လတ်တလောကူညီ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု

ယင်းနောက် ပြည်နယ်အစိုးရ အဖွဲ့ရုံး၌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ပြည်နယ်သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အဖွဲ့ ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးများ ကျင်းပ ကာ သဘာဝဘေးအန္တရာယ်မကျ ရောက်မီကတည်းက ကြိုတင် ပြင်ဆင်ခြင်းများ ဆောင်ရွက်ခဲ့မှု၊ ပြည်နယ်သဘာဝဘေးအန္တရာယ် ဆိုင်ရာ အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုရုံး (Command Post) အား မေ ၇ ရက်တွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ ဖွင့်လှစ်ထားရှိပြီး ခရိုင် ၇ ခရိုင်၊ မြို့နယ် ၁၇ မြို့နယ် တို့တွင်လည်း ဖွင့်လှစ်ထားရှိမှု၊ သဘာဝဘေးအန္တရာယ် ခိုလှုံရာ Shelter များ ဆောင်ရွက်ထားရှိမှု၊ သဘာဝဘေးအန္တရာယ် မကျ ရောက်မီ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်အရ မြို့နယ် အလိုက် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းထားရှိမှု၊ သဘာဝဘေး အန္တရာယ်သင့်ခဲ့ရသည့် ပြည်သူများ အတွက် လတ်တလောအုပ်ချုပ် ထောက်ပံ့မှုများ ဆောင်ရွက် နိုင်ရန် ထောက်ပံ့ရေးပစ္စည်းများ ထောက်ပံ့ပေးထားမှု၊ ပြည်နယ် အစိုးရအဖွဲ့ အရေးပေါ် ရန်ပုံငွေဖြင့် ဆန်၊ ဆီ၊ ဆား၊ ငါးပိနှင့် စက်သုံးဆီ အရန် ဝယ်ယူထားရှိမှု၊ ပြည်နယ် အစိုးရ၏ အစီအစဉ်ဖြင့် ကယ်ဆယ် ထောက်ပံ့ရေးပစ္စည်းများ စုဆောင်း ထားရှိမှု၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ကယ်ဆယ် ရေးပစ္စည်း ၁၇ မျိုး သိုလှောင် ထားရှိမှု၊ သောက်သုံးရေ ပြတ်လပ် မှုမရှိစေရေးနှင့် ဆက်သွယ်မှု မပြတ်တောက်ရေး ဆောင်ရွက် ထားရှိမှု၊ မေ ၁၄ ရက်တွင် ဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) "မိုခါ" (MOCHA) စစ်တွေမြို့သို့ ဝင်ရောက်ခဲ့မှုနှင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့မှု၊ သဘာဝဘေးသင့်ခဲ့ရသည့် နေအိမ် များ ပြန်လည်ပြုပြင်နိုင်ရေး လိုအပ်မှု၊ ထောက်ပံ့ရေးပစ္စည်းများ လိုအပ်မှုနှင့် လတ်တလောပျက်စီး ဆုံးရှုံးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

## ဝန်ကြီးဌာနများ၊ တပ်မတော်နှင့် ပြည်နယ်အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိမှု

ထို့နောက် ပြည်ထောင်စုဝန်ကြီး များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က ရခိုင်ပြည်နယ် အတွင်း သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သဖြင့် ပျက်စီးဆုံးရှုံး မှုများဖြစ်ပေါ်ခဲ့မှု၊ သက်ဆိုင်ရာ ကဏ္ဍအလိုက်ကူညီကယ်ဆယ်ရေး လုပ်ငန်းများ၊ ပြန်လည်ပြင်ဆင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက် ရှိမှုတို့နှင့် ပတ်သက်၍ တင်ပြကြ ရာတွင် တယ်လီဖုန်းဆက်သွယ်မှု လိုင်းများ ပြတ်တောက်မှုမရှိရေး ပြန်လည်ပြင်ဆင်ဆောင်ရွက်ပေး လျက်ရှိမှု၊ စစ်တွေလေယာဉ်ကွင်း သို့ လေယာဉ်များ နေ့ညမရွေး ဆင်းသက်နိုင်ရေး ပြင်ဆင် ဆောင်ရွက်လျက်ရှိမှု၊ လေကြောင်း တိုက်ရိုက်ဆက်သွယ်ရေးစနစ်များ တပ်ဆင်နိုင်ရေး ဆောင်ရွက် လျက်ရှိမှု၊ လျှပ်စစ်ဓာတ်အား လိုင်းများ အမြန်ဆုံးပြန်လည် ကောင်းမွန်စေရေး လိုက်လံ စစ်ဆေးလျက်ရှိမှု၊ ဓာတ်တိုင်များ ပြန်လည်ထောင်မတ်နိုင်ရေး မှာယူ ထားရှိမှုနှင့် ဝန်ထမ်းအင်အား အလုံးအရင်းဖြင့် အမြန်ဆုံး လျှပ်စစ်မီး ပြန်လည်ပေးနိုင်အောင် ဆောင်ရွက်လျက်ရှိမှု၊ စစ်တွေ မြို့ဆေးရုံကို မီးစက်ကြီးများဖြင့် မီးပေးလျက်ရှိမှု၊ သံဃာတော် များနှင့် သီလရှင်များအတွက် ဆွမ်းဆန်တော်နှင့် ဆီ၊ ဆား၊ ပဲ၊ ဆေးများ ကြိုတင်ပြင်ဆင်ထားရှိ မှု၊ ဘုန်းတော်ကြီးကျောင်းများ သန့်ရှင်းရေးအတွက် ဆောင်ရွက် ရမည့်အခြေအနေများနှင့် ရခိုင် ပြည်နယ် ယဉ်ကျေးမှုပြတိုက် အမိုးလန်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ မှု၊ ရခိုင်ပြည်နယ်အတွင်း ဆေးရုံ၊ ဆေးခန်းများ သဘာဝဘေး အန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှု အနည်းငယ်သာရှိခဲ့ပြီး အထူးဆေး ကုသရေးအဖွဲ့ နှစ်ဖွဲ့ဖြင့် စစ်တွေ ပြည်သူ့ဆေးရုံကြီးတွင် ကျန်းမာ ရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ ဆေး ပစ္စည်းများ၊ ရေသန့်ဆေးပြားများ ထပ်မံမှာယူလျက်ရှိမှုနှင့် ခွဲစိတ် ခန်းများကိုလည်း အသင့်အသုံးပြု နိုင်ရေးစီမံထားရှိမှု၊ ကျန်းမာရေး နှင့် ပတ်သက်သည့် ပညာပေး စာစောင်များ၊ အသိပညာပေးမှု များကိုလည်း ဆောင်ရွက်ပေးလျက် ရှိမှု။

ရခိုင်ပြည်နယ်သို့ ပေးပို့မည့် ဆန်အိတ်များ၊ သွပ်နှင့်သံများ၊ စားသောက်ဖွယ်ရာများ၊ ဆောက် လုပ်ရေးပစ္စည်းများကို တပ်မတော် စစ်ရေယာဉ်များပေါ်သို့ အမြန်ဆုံး တင်ဆောင်၍ ပေးပို့နိုင်ရေးဆောင် ရွက်လျက်ရှိမှု၊ ရခိုင်ပြည်နယ် အတွင်းရှိ မုန်တိုင်းသင့်ဒေသ များသို့ စားသောက်ဖွယ်ရာများနှင့် ကယ်ဆယ်ရေး ပစ္စည်းများကို မော်တော်ယာဉ်များ၊ စစ်ရေယာဉ် များ၊ လေယာဉ်များဖြင့် ပို့ဆောင် ပေးလျက်ရှိမှု၊ စားသောက်ကုန် များနှင့် ဆေးပစ္စည်းများကို တပ်မတော် လေယာဉ်များဖြင့် ရခိုင်ပြည်နယ် စစ်တွေလေဆိပ်သို့ အဆက်မပြတ် ပေးပို့နေမှု၊ စားသောက်ဖွယ်ရာ များနှင့် ပြန်လည်တည်ဆောက်ရေးပစ္စည်း များကို တပ်မတော်စစ်ရေယာဉ် များဖြင့် စစ်တွေမြို့သို့ ပို့ဆောင် ပေးလျက်ရှိမှုနှင့် ထိုမှတစ်ဆင့် ရသေ့တောင်မြို့နယ်နှင့် အခြား မုန်တိုင်းသင့် ဒေသများသို့ ဆက်လက်ပို့ဆောင်နေမှု၊ ရခိုင် ပြည်နယ်အတွင်း ရိတ်သိမ်းထား သည့် နွေစပါးများကို ထိခိုက် ပျက်စီးမှု မရှိစေရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရန်လိုအပ် မှု၊ ရခိုင်ပြည်နယ်အတွင်း အသင့် ခွဲစိတ်ထားသည့် သစ်များရှိပြီး မကွေးတိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် သစ်မာ ခွဲသားများအသင့်ရှိသည့်အတွက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း များ ဆောင်ရွက်ရေးအတွက် သစ်များရရှိရေး ဆောင်ရွက် လျက်ရှိမှုနှင့် အခြားလိုအပ်ချက် များကို တင်ပြဆွေးနွေးကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရခိုင်ပြည်နယ်အတွင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတွက် ငွေကျပ်သိန်းပေါင်း ၇၀၀၀၀ ကို ပေးအပ်စဉ်။

## ရခိုင်ပြည်နယ်အား ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားရမည်

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ်က သဘာဝဘေးအန္တရာယ် ဟူသည်မှာ ရှောင်လွှဲ၍မရဘဲ ဖြစ်လာသည့်အချိန်တွင် ရင်ဆိုင် ရန်နှင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက် ထားမည်ဆိုပါက ထိခိုက်မှု အနည်းဆုံးဖြင့် ကျော်လွှားနိုင်မည်ဖြစ်ကြောင်း၊ ယခုအခါ မိမိအနေဖြင့် ပျက်စီး ဆုံးရှုံးခဲ့သည်များကို လိုအပ်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်း များ ဆောင်ရွက်ပေးနိုင်ရန် လာရောက် ကြည့်ရှုခြင်းဖြစ် ကြောင်း၊ မုန်တိုင်းမဝင်ရောက်မီ ငါးရက်ခန့်ကတည်းက မုန်တိုင်း ကြိုတင်သတိပေးချက်များထုတ် ပြန်ခဲ့ကြောင်း၊ **ရခိုင်ပြည်နယ်အား ပြန်လည်ထူထောင်ရေးလုပ်ငန်း များ ဆောင်ရွက်ရာတွင် မူလ အခြေအနေထက် ပိုမိုကောင်းမွန် အောင် ဆောင်ရွက်သွားရမည်ဖြစ်** ကြောင်း။

ကယ်ဆယ်ရေးလုပ်ငန်းများကို ပြည်ထဲရေးဝန်ကြီးဌာနမှ အဓိက ဆောင်ရွက်ရမည်ဖြစ်ပြီး အခြား ဝန်ကြီးဌာနများမှ ဝန်ထမ်းများ ကလည်း ဝိုင်းဝန်းကူညီဆောင်ရွက် သွားရန်လိုကြောင်း၊ အများ ပြည်သူ အများဆုံးအသုံးပြုသည့် လမ်းများကို ဦးစားပေးရှင်းလင်း ပေးရန်လိုကြောင်း၊ ပြည်ထဲရေး ဝန်ကြီးဌာနမှ **စာမျက်နှာ ၄ သို့** ☆





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ စစ်တွေမြို့အတွင်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများကို ကြည့်ရှုစဉ်။

☆ စာမျက်နှာ ၃ မှ

လူအင်အားနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ စက်ယန္တရားတို့ ပေါင်းစပ်ဆောင်ရွက်ရန် လိုကြောင်း၊ ဆေးရုံများသန့်ရှင်းရေးနှင့် ဘိုးဘွားရိပ်သာများကို ခရိုင်နှင့်မြို့နယ်များအလိုက်ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများက ဦးစားပေး ဆောင်ရွက်ကြရန် လိုကြောင်း၊ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အပိုင်းလိုက်ခွဲ၍ ဆောင်ရွက်သွားရန်လိုကြောင်း။

ယခုမုန်တိုင်းတိုက်ခတ်ချိန်တွင် အုန်းပင်များ ပြိုလဲမှုမရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ရခိုင်ပြည်နယ်နှင့် ကမ်းရိုးတန်းဒေသများသို့ရောက်ရှိသည့်အခါတိုင်းတွင် အုန်းပင်များနှင့် လမုပင်များသည် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်သည့်အတွက် ကမ်းစပ်တစ်လျှောက်နှင့် ဒေသအတွင်းဖြစ်နိုင်သမျှ အရေအတွက်များများ စိုက်ပျိုးထားရှိရန် တိုက်တွန်းမှာကြားခဲ့ကြောင်း၊ ယခု သဘာဝဘေးအန္တရာယ်တွင် တွေ့ကြုံခဲ့ရသည်များကို သင်ခန်းစာယူ၍ သဘာဝဘေးဒဏ် ခံနိုင်သည့် လေကာပင်များနှင့် အုန်းပင်များကို တိုးချဲ့စိုက်ပျိုးဆောင်ရွက်သွားရန်လိုကြောင်း၊ မုန်တိုင်းဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေး အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ခဲ့ရာ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်ရဟန်း၊ ရှင်လူ ပြည်သူ အလှူရှင်များ၏ စုစုပေါင်း အလှူငွေကျပ်သိန်းပေါင်း ၁၃၁၈၁၀ ကို လက်ခံရရှိခဲ့ကြောင်း၊ ယင်းအနက်မှ ရခိုင်ပြည်နယ်အတွင်း ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ငွေကျပ်သိန်းပေါင်း ၇၀၀၀၀ ကို ပေးအပ်သွားမည်ဖြစ်ကြောင်း။

**ဒေသအား၊ ပြည်တွင်းအားကို စုစည်းအသုံးပြု၍ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်**

ကူညီ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်စစ်ရေယာဉ်များဖြင့် တင်ဆောင်လျက်ရှိပြီး ရခိုင်ပြည်နယ်သို့ အမြန်ဆုံးရောက်ရှိအောင် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ ဦးစားပေးအနေဖြင့် လမ်းပန်းဆက်သွယ်ရေးကို အမြန်ဆုံး ပြန်လည်ကောင်းမွန်အောင် ဦးစားပေး ဆောင်ရွက်ရန်လိုကြောင်း၊ အများနှင့်သက်ဆိုင်သည့်ပညာသင်ကြားရေးဖြစ်သည့် အခြေခံပညာ အထက်တန်းကျောင်းများကိုလည်း ဦးစားပေးပြုပြင်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ လုပ်စရာရှိသည်များကို မြန်မြန်ဆန်ဆန်ဖြင့် လုပ်ဆောင်ရန်လိုကြောင်း၊ အားလုံး ပူးပေါင်းဆောင်ရွက်မည်ဆိုပါက အမြန်ဆုံး မူလအခြေအနေသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း၊ ပြည့်အင်အားသည် ပြည်တွင်း၌သာရှိသဖြင့် အားလုံး ပူးပေါင်းဆောင်ရွက်မည်ဆိုပါက အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတကာကလည်း အကူအညီ ပေးအပ်မည်ဟု ကမ်းလှမ်းလာသဖြင့် လက်ခံထားပြီးဖြစ်ကြောင်း၊ သို့သော်လည်း မိမိတို့ရှိပြီးသားအားဖြင့် ဒေသအား၊ ပြည်တွင်းအားဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများအတွက် အရေးပေါ် ရန်ပုံငွေသို့ လှူဒါန်းနိုင်ရေး ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်ကိုလည်း သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်ထုတ်ပြန်ထားရှိပြီးဖြစ်ကြောင်း။

ရေတွင်းရေကန်များ သန့်ရှင်းမှုရှိစေရေး ရေသန့်ဆေးများကို လိုက်လံခပ်ပေးရန် လိုကြောင်း၊ ရေတွင်း ပတ်ဝန်းကျင်များကို ဦးစွာ သန့်ရှင်းရေးဆောင်ရွက်ရန် လိုကြောင်း၊ ရေတွင်းများအနီးရှိ ရေဆိုးရေညစ်များ၊ အညစ်အကြေးများကို အမြန်ဆုံးရှင်းလင်းရန် လိုကြောင်း၊ အချိန်မီရှင်းလင်းခြင်း မရှိပါက ဝမ်းပျက်ဝမ်းလျှောရောဂါများအပြင် အခြားရောဂါဘယများလည်း ဖြစ်ပေါ်လာနိုင်ကြောင်း။

အစားအသောက်နှင့် ပတ်သက်၍ စည်သွတ်ဘူးများ၊ အသင့်စားအစားအစာများ ကြိုတင်ပြင်ဆင်ထားသော်လည်း စိုက်ပျိုး၍ရသည့် နေရာများတွင် အမြန်ဆုံးပြန်လည်စိုက်ပျိုးရန်နှင့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ ကြက်ဥများကိုလည်း အမြန်ဆုံး ပေးပို့သွားမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ပြီး လူများထိခိုက်မှု အနည်းဆုံးဖြစ်ခဲ့ခြင်းမှာ အဆိုးထဲက အကောင်းဟုပင် မှတ်ယူရမည်ဖြစ်ပြီး ကြံ့ကြံ့ခံကျော်ဖြတ်နိုင်ရေး စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အတွင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ် သိန်းပေါင်း ၇၀၀၀၀ နှင့် ထောက်ပံ့ရေး ပစ္စည်းများကို ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူသည်။

စာမျက်နှာ ၅ သို့ ☆

- **ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်စစ်ရေယာဉ်များဖြင့် တင်ဆောင်လျက်ရှိပြီး ရခိုင်ပြည်နယ်သို့ အမြန်ဆုံး ရောက်ရှိအောင် ပို့ဆောင်ပေးသွားမည်**
- **ဦးစားပေးအနေဖြင့် လမ်းပန်းဆက်သွယ်ရေးကို အမြန်ဆုံး ပြန်လည်ကောင်းမွန်အောင် ဦးစားပေးဆောင်ရွက်ရန်လို**
- **အများနှင့်သက်ဆိုင်သည့် ပညာသင်ကြားရေးဖြစ်သည့် အခြေခံပညာအထက်တန်းကျောင်းများကိုလည်း ဦးစားပေးပြုပြင်ဆောင်ရွက်ပေးသွားရန်လို**



စစ်တွေမြို့အတွင်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများကို တွေ့ရစဉ်။

☆ စာမျက်နှာ ၄ မှ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) “ မိုခါ” (MOCHA) ဝင်ရောက်မှုကြောင့် စစ်တွေမြို့အတွင်း ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့် အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**ပြောင်းရွှေ့ပေးနိုင်ခဲ့**

မုန်တိုင်းဒဏ်ကျရောက်ခဲ့သည့် ရခိုင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြည်နယ်သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်လျက် ရှိကြောင်း၊ မုန်တိုင်း မကျရောက်မီကာလအတွင်း စစ်တွေ၊ မြောက်ဦး၊ မောင်တော၊ ကျောက်ဖြူ၊ သံတွဲ၊ တောင်ကုတ်နှင့် အမ်းမြို့များရှိ သဘာဝဘေးဒဏ်ခိုလှုံရာ Shelter များသို့ ဒေသခံပြည်သူ ၂၃၇၀၀ ကို ပြောင်းရွှေ့ပေးနိုင်ခဲ့ကြောင်း၊ အခြားဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းပေးမှု အနေဖြင့် ၆၂၆၈၄၉ ဦးကို ပြောင်းရွှေ့ပေးနိုင်ခဲ့ကြောင်း၊ အလားတူ IDP စခန်းများတွင် ရောက်ရှိနေသူများအနက်မှ ၆၂၃၁၉ ဦးကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနိုင်ခဲ့ကြောင်း၊ မုန်တိုင်းစတင်ဝင်ရောက်သည့် မေ ၁၄ ရက် နံနက် ၁၀ နာရီခွဲတွင် တစ်နာရီလေတိုက်နှုန်းမှာ မိုင် ၆၀ ရှိခဲ့ပြီး မွန်းလွဲ ၁ နာရီခွဲမှ ၃ နာရီခွဲအထိ တစ်နာရီလေတိုက်နှုန်းမှာ မိုင် ၁၂၀ အထိရှိခဲ့ကာ အပြင်းဆုံးလေတိုက်ခတ်နှုန်းအထိ ရောက်ရှိခဲ့ကြောင်း၊ မုန်တိုင်းတိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အတွင်း လူနေအိမ်များ၊ ရုံးအဆောက်အအုံများ၊ သာသနိကအဆောက်အအုံများ အမိုးလန်ပျက်စီးခြင်းနှင့် ပြိုကျပျက်စီးခြင်း၊ ရုပ်သံ ထပ်ဆင့်လွှင့်တာဝါတိုင်နှင့် ဆက်သွယ်ရေးတာဝါတိုင်အချို့ ပြိုကျပျက်စီးခဲ့ပြီး ၁၄ ရက် အထိ သေဆုံးသူ နှစ်ဦး၊ ထိခိုက်ဒဏ်ရာရ ၂၈ ဦးရှိကြောင်း ကနဦး သတင်းများအရသိရှိရကြောင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ရခိုင်ပြည်နယ်အတွင်း လိုအပ်သည့်ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရေး အတွက် ကိုယ်တိုင်ကိုယ်ကျ လာရောက်ကြည့်ရှုခဲ့ခြင်းဖြစ်ပြီး တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



စစ်တွေမြို့၌ မုန်တိုင်းဒဏ်ကြောင့် သာသနိကအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုကို တွေ့ရစဉ်။



စစ်တွေမြို့၌ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများကို တွေ့ရစဉ်။

**○ မုန်တိုင်းတိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အတွင်း လူနေအိမ်များ၊ ရုံးအဆောက်အအုံများ၊ သာသနိကအဆောက်အအုံများ အမိုးလန်ပျက်စီးခြင်းနှင့် ပြိုကျပျက်စီးခြင်း၊ ရုပ်သံထပ်ဆင့်လွှင့် တာဝါတိုင်နှင့် ဆက်သွယ်ရေးတာဝါတိုင်အချို့ ပြိုကျပျက်စီးခဲ့ပြီး ၁၄ ရက်အထိ သေဆုံးသူ နှစ်ဦး၊ ထိခိုက်ဒဏ်ရာရ ၂၈ ဦးရှိကြောင်း ကနဦးသတင်းများအရ သိရှိရ**

# စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေစီမံကိန်း ဦးဆောင်ကော်မတီအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၁၅

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေစီမံကိန်း စီမံကိန်းဦးဆောင်ကော်မတီ (၂၆)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ စီမံကိန်းဦးဆောင်ကော်မတီ ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း တက်ရောက်ဆွေးနွေးမှာကြားသည်။

**ထုတ်ချေးပေးလျက်ရှိ**

ဦးစွာဒုတိယဝန်ကြီးက နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့် ချေးငွေစီမံကိန်းကို ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် စတင်ခဲ့ပြီး အတိုးနှုန်းသက်သာသည့် ချေးငွေအဖြစ် တောင်သူတစ်ဦးချင်း ငွေကျပ်သိန်း ၇၀၀ အထိ နှစ်တို သုံးနှစ်၊ နှစ်ရှည် ငါးနှစ် အရစ်ကျပြန်ဆပ်စနစ်ဖြင့် ထုတ်ချေးပေးလျက်ရှိကြောင်း၊ အတိုးနှုန်းမှာ တစ်နှစ်လျှင် ငါးရာခိုင်နှုန်းသာဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ် ဧပြီလကုန်အထိ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုရှိ မြို့နယ် ၁၈၇ ခုမှ တောင်သူ ၅၆၅၈ ဦးကို ချေးငွေကျပ် ၂၃၅ ဒသမ ၃၆ ဘီလီယံ ထုတ်ချေးပေးထားပြီး ၂၀၂၂-၂၀၂၃ ခုနှစ်တွင် မြို့နယ် ၂၈ မြို့နယ်မှ တောင်သူ ၈၁ ဦးကို ချေးငွေကျပ် ၅ ဒသမ ၃၃ ဘီလီယံ ထုတ်ချေးနိုင်ခဲ့ကြောင်း၊ ချေးငွေရယူလိုသည့် တောင်သူများကို ချေးငွေအသစ်များ စဉ်ဆက်မပြတ်ထုတ်ချေးလျက်ရှိပါကြောင်း။

ချေးငွေအစီအစဉ်ကောင်းမွန်စွာ လည်ပတ်နိုင်ခြင်းဖြင့် တောင်သူများ၏ ဝင်ငွေတိုးတက်လာစေပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်းနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရုံးချုပ်နှင့် ဘဏ်ခွဲအဆင့်ဆင့်အနေဖြင့် Evaluation & Monitoring ကို စဉ်ဆက်မပြတ်ပြုလုပ်ကာ စီမံကိန်းအောင်မြင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ ဆက်စပ်ဌာနများနှင့် အမြဲမပြတ် ပူးပေါင်းဆောင်ရွက်သွားရန်၊ ချေးငွေအစီအစဉ်တွင် လယ်ယာသုံးစက်ကိရိယာများ ပါဝင်ရောင်းချသည့် ကုမ္ပဏီများအနေဖြင့်လည်း လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ အတွက်၊ ပရ မျှတစွာဖြင့် ပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။



ဆက်လက်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးဦးမင်းသူနှင့် တာဝန်ရှိသူများက Two Step Loan ချေးငွေထုတ်ချေးထားမှု၊ စက်နှင့်စက်ပစ္စည်းရောင်းချပေးသည့် ကုမ္ပဏီများ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ထုတ်ချေးမည့်ချေးငွေ လျာထားချက်များနှင့် JICA Two Step Loan Project ဝင်ငွေ စာရင်းမှ မြန်မာနိုင်ငံတော်ဗဟိုဘဏ်စာရင်းသို့ လွှဲပြောင်းမည့်ကိစ္စ စသည့်အစီအစဉ်များကို တင်ပြဆွေးနွေးကြသည်။

အစည်းအဝေးသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ ဦးဆောင်ကော်မတီအဖွဲ့ဝင်များ စုံညီစွာတက်ရောက်ခဲ့ကြပြီး စီမံကိန်းအောင်မြင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်၍ မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးအတွက် အရေးပေါ်အစည်းအဝေး ကျင်းပစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်၍ မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးအတွက် အရေးပေါ်အစည်းအဝေး ကျင်းပ

**❖ မုန်တိုင်းအန္တရာယ် သတိပေးချက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနိုင်ခဲ့မှုများကြောင့် မုန်တိုင်းတိုက်ခတ်ချိန်တွင် လူ့အသက်အန္တရာယ်ထိခိုက်မှုများကို အနည်းဆုံးအခြေအနေဖြင့် ကျော်လွှားနိုင်ခဲ့**

**❖ မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကြိုတင်စုဖွဲ့ထားသည့် ကယ်ဆယ်ရေးအဖွဲ့များကို အမြန်ဆုံးစေလွှတ်ခြင်းနှင့် စားသောက်ဖွယ်ရာများ၊ ရေသန့်များ၊ လူသုံးကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများကိုလည်း အမြန်ဆုံးပို့ဆောင်ပေးရန်လို**

**နေပြည်တော် မေ ၁၅**

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ယနေ့ နံနက် ၇ နာရီတွင် ထုတ်ပြန်သည့် ဆိုင်ကလုန်းမုန်တိုင်း (Cyclonic Storm) သတိပေးချက်များအရ ချင်းပြည်နယ် မတူပီမြို့အနီးမှ ကုန်းတွင်းပိုင်းသို့ ရွေ့လျားဝင်ရောက်ခဲ့သည့် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) “မိုခါ” (MOCHA)သည် မြောက်-အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဆိုင်ကလုန်းမုန်တိုင်း (Cyclonic Storm) “မိုခါ”(MOCHA) အဖြစ်သို့ အားလျော့သွားခဲ့ကာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း ကသာမြို့အနီးမှ မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားလျက်ရှိကြောင်း သိရှိရသည်။

**ကျင်းပ**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်ခဲ့ပြီးဖြစ်သည့် မြို့၊ ရွာများနှင့် မုန်တိုင်းဆက်လက်ရွေ့လျားရာ လမ်းကြောင်းတစ်လျှောက်၌ လိုအပ်သည့် အရေးပေါ်စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အသင့်ပြင်ဆင် စုဖွဲ့ထားရှိခြင်းနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိုယ်စီလုပ်ငန်းတာဝန်များ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး အရေးပေါ်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး စုဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်နိုင်ဦး၊ ဒေါက်တာကံဇော်နှင့် ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းက မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ခဲ့သည့်နေရာများ၌ သွပ်နှင့် လျှပ်စစ်ဓာတ်အားများ လိုအပ်လျက်ရှိမှု၊ မုန်တိုင်းသင့်ဒေသများတွင် အရေးပေါ်ကူညီကယ်ဆယ်ရေး ဆောင်ရွက်ရန်အတွက် ဖွဲ့စည်းထားသည့် ယာဉ်အစုအဖွဲ့များမှ ကူညီကယ်ဆယ်ရေးအဖွဲ့များအနေဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှုနှင့် ထပ်မံစေလွှတ်နိုင်ရေး ပြင်ဆင် ဆောင်ရွက်လျက်ရှိမှုတို့ကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်က မုန်တိုင်းတိုက်ခတ်မှုအခြေအနေများ၊ မိုးရွာသွန်းမှုအခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများ၊ ဆိုင်ကလုန်းမုန်တိုင်း မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်နိုင်မှု အခြေအနေများကို သုံးသပ်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအရ မုန်တိုင်းဖြတ်သန်းဝင်ရောက်နိုင်မည့် လမ်းကြောင်းပေါ်ရှိ မြို့၊ ရွာများကို ဆက်သွယ်မှုမပြတ်တောက်စေရေး ဆောင်ရွက်ခဲ့သည့်အခြေအနေများနှင့် ယခုမုန်တိုင်း ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးသည့် မြို့၊ ရွာများ၌လည်း ကြိုတင်ပြင်ဆင် ပြောင်းရွှေ့ခြင်းများနှင့် အခြားလိုအပ်သည်များကို တပ်မတော်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများ၏ ဝိုင်းဝန်းစုပေါင်း၍ ကြိုတင်ပြင်ဆင်ခြင်း၊ ရွှေ့ပြောင်းခြင်းများ ဆောင်ရွက်နိုင်ခဲ့သောကြောင့် လူများသေကျေထိခိုက်မှု အနည်းဆုံးအခြေအနေဖြင့် ကျော်လွှားနိုင်ခဲ့မှုအခြေအနေတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တပ်မတော် စစ်အင်ဂျင်နီယာတပ်ဖွဲ့အနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကြိုတင် စုပုံထားရှိသည့် သွပ်နှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများကို လေယာဉ်များ၊ မော်တော်ယာဉ်များ၊ တပ်မတော်စစ်ရေယာဉ်များဖြင့် အမြန်ဆုံးပို့ဆောင်ပေးရန် လိုကြောင်း၊ လျှပ်စစ်ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက်လည်း စစ်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များကို အမြန်ဆုံး စေလွှတ်ပေးရမည်ဖြစ်ကြောင်း၊ အလားတူစားသောက်ဖွယ်ရာများနှင့် လူသုံးကုန်ပစ္စည်းများကိုလည်း ပို့ဆောင်ပေးရန် လိုကြောင်း၊ မုန်တိုင်းသင့်ဒေသများသို့ စားသောက်ဖွယ်ရာများနှင့် လူသုံးကုန်ပစ္စည်းများ ရောက်ရှိရာတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး စုပုံထားရှိသည့် အချိန်၌ ယာယီတဲများဖြင့် ထားရှိနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ မုန်တိုင်းဒဏ်သင့် ဒေသများသို့ ကူညီရေးပစ္စည်းများ ပေးပို့လှူဒါန်းလိုသည့် အလှူရှင်များ လှူဒါန်းနိုင်ရေး ဆောင်ရွက်၍ အမြန်ဆုံး ပို့ဆောင်ပေးရန် လိုကြောင်းဖြစ် ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက်ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က မုန်တိုင်းသင့်ဒေသများသို့ ပို့ဆောင်နိုင်ရန်အတွက် ဒေသအလိုက် စုပုံထားရှိသည့် အရန်ဆန်များကို အမြန်ဆုံး ပို့ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ကူညီကယ်ဆယ်ရေးပစ္စည်းများ ပေးပို့နိုင်ရေးအတွက် တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များကို အသင့်ပြင်ဆင်ထားရှိပြီး အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးနိုင်ရေး အသင့်ပြုလုပ်ထားရှိမှု၊ အသင့်စား ခေါက်ဆွဲခြောက်များနှင့် ရေသန့်များ အပါအဝင် စားသောက်ဖွယ်ရာများ၊ ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် သွပ်နှင့် သွပ်မိုများ အပါအဝင် ဆောက်လုပ်ရေးသုံး ပစ္စည်းများကိုအသင့်ပြင်ဆင်၍ အမြန်ဆုံးပေးပို့နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ရခိုင်ပြည်နယ်အတွင်း ဆက်သွယ်မှု ပြတ်တောက်ခဲ့သည့် မုန်တိုင်းသင့် ဒေသများ၌ ဆက်သွယ်ရေးလိုင်းများ ပြန်လည်ကောင်းမွန်စေရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ မုန်တိုင်းသင့်ဒေသများ၌ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များကို စေလွှတ်လျက်ရှိမှုနှင့် ထပ်မံစေလွှတ်နိုင်ရေး အသင့်ပြင်ဆင်ထားရှိမှု၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စေတီပုထိုးအချို့ ထိခိုက်ပျက်စီးမှု၊ မုန်တိုင်းဒဏ်သင့်ဒေသများတွင် ရေဝင်ရောက်မှုကြောင့် ဝမ်းရောဂါများ ဖြစ်ပွားလာနိုင်သဖြင့် သောက်သုံးရေများ သန့်ရှင်းမှုရှိစေရေး ရေသန့်စင်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးရန် လိုအပ်မှု၊ မုန်တိုင်းနှင့် ပတ်သက်သည့် သတင်းများ၊ သတိပေးထုတ်ပြန်ချက်များနှင့် မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှု အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်မှုများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**မှာကြား**

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့အနေဖြင့် မုန်တိုင်းအန္တရာယ် သတိပေးချက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနိုင်ခဲ့မှုများကြောင့် မုန်တိုင်းတိုက်ခတ်ချိန်တွင် လူ့အသက်အန္တရာယ်ထိခိုက်မှုများကို အနည်းဆုံးအခြေအနေဖြင့် ကျော်လွှားနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကြိုတင်စုဖွဲ့ထားသည့် ကယ်ဆယ်ရေးအဖွဲ့များကို အမြန်ဆုံး စေလွှတ်ခြင်းနှင့် စားသောက်ဖွယ်ရာများ၊ ရေသန့်များ၊ လူသုံးကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများကိုလည်း အမြန်ဆုံး ပို့ဆောင်ပေးရန် လိုကြောင်း၊ ဆက်သွယ်မှုပြတ်တောက်ခဲ့သည့် ဒေသများတွင် ဆက်သွယ်မှုကွန်ရက်များ ပြန်လည်ကောင်းမွန်စေရေး အမြန်ဆုံးပြန်လည်ပြုပြင်ပေးရန်လိုကြောင်း၊ မုန်တိုင်း ဆက်လက် ဖြစ်ပေါ်နေသည့် သတင်းအချက်အလက်များကိုလည်း အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနိုင်ရေး တာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စေတီပုထိုးများကိုလည်း ပြုပြင်ထိန်းသိမ်းရန်လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲ ကျင်းပ

**နေပြည်တော် မေ ၁၅**

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) “မိုခါ”(MOCHA) ဝင်ရောက်မှုကြောင့် မုန်တိုင်းဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေး အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးအောင်နိုင်ဦး၊ ဒေါက်တာကံဇော်၊ ဦးမောင်မောင်အုန်းနှင့် ဦးကိုကို၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ စေတနာရှင်၊ အလှူရှင်များ တက်ရောက်ကြသည်။

**တစ်တပ်တစ်အား ပါဝင်လှူဒါန်း**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မုန်တိုင်းဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ ပြောကြားရာတွင် ဆိုင်ကလုန်းမုန်တိုင်း “မိုခါ” (MOCHA) ကြောင့် ရခိုင်ပြည်နယ်အတွင်း ထိခိုက်ပျက်စီးခဲ့ရသည့် ပျက်စီးဆုံးရှုံးမှုများနှင့် မုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ခဲ့ရသည့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အချို့ဒေသများမှ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့မှုများ အတွက် နိုင်ငံတော်က ဦးဆောင်၍ ဆောင်ရွက်သည့် ပြန်လည်ကယ်ဆယ်ရေးနှင့် ထူထောင်ရေးလုပ်ငန်းများတွင် ယခုကဲ့သို့ တစ်တပ်တစ်အား ပါဝင်လှူဒါန်းကြသည့်အတွက် ဝမ်းမြောက်ပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ မိသားစုများကိုယ်စား စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက အလှူငွေပေးအပ်လှူဒါန်းစဉ်။

သဘာဝ ဘေးအန္တရာယ်ဆိုသည်မှာ မမျှော်မှန်းနိုင်သည့်ကိစ္စရပ်ဖြစ်ကြောင်း၊ သို့သော် ကြိုတင်ပြင်ဆင်မှုများ ကောင်းမွန်ခြင်းနှင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခြင်းများ ရှိပါက အတိုင်းအတာ တစ်ခုအထိ အနည်းငယ် လျော့ကျသွားနိုင်သည်ကိုလည်း တွေ့ရကြောင်း၊ မုန်တိုင်းနှင့်ပတ်သက်၍ လွန်ခဲ့သည့် ကိုးရက်ခန့်ကတည်းက မုန်တိုင်း ကျရောက်နိုင်ကြောင်း မိုးလေဝသသတင်းများအရ သိရှိခဲ့ရကြောင်း၊ အဆိုပါအချိန်တွင် တောင်တရုတ် ပင်လယ်အတွင်း ဖြစ်ပေါ်လျက်ရှိသည့် မုန်တိုင်းနှင့် အိန္ဒိယသမုဒ္ဒရာအတွင်း ဖြစ်ပေါ်နေသည့် မုန်တိုင်းတို့ဖြစ်ကြောင်း၊ အဆိုပါ မုန်တိုင်းနှစ်ခု ဆုံမည်ဆိုပါက မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်နိုင်သည်ကို တာဝန်ရှိသူများက မိမိထံလာရောက်တင်ပြခဲ့ကြောင်း၊ ထို့ကြောင့် အရေးပေါ် အစည်းအဝေးများ ဆောင်ရွက်စေပြီး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်စေခဲ့ကြောင်း၊ တောင်တရုတ်ပင်လယ်တွင် ဖြစ်ပွားနေသည့် မုန်တိုင်းမှာ အားနည်းပြီး ပျက်ပြယ်သွားသဖြင့် မိမိတို့နိုင်ငံ အနေဖြင့် မုန်တိုင်းဒဏ် ထိခိုက်မှု လျော့နည်းခဲ့ကြောင်း။

မုန်တိုင်း ဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းကို တာဝန်ပေး၍ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်စေခဲ့ကြောင်း၊ မုန်တိုင်းသည် မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်နိုင်သည်ကို တာဝန်ရှိသူများက တင်ပြခဲ့သဖြင့် သိလျှင်သိချင်း သတိပေးချက်များကို ချက်ချင်း ထုတ်ပြန်စေခဲ့ပြီး ပြောင်းရွှေ့မှုများနှင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်စေခဲ့ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ မုန်တိုင်းဒဏ် ကျရောက်ချိန်တွင် လူအများ ထိခိုက်သေဆုံးမှုကို များစွာရှောင်ရှားနိုင်ခဲ့ပြီး ယခုအချိန်အထိ သိရှိရသော သတင်း

**စာမျက်နှာ ၈ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ စေတနာရှင်၊ အလှူရှင်များက အလှူငွေပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ စေတနာရှင်၊ အလှူရှင်တစ်ဦးက အလှူငွေ ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ စေတနာရှင်၊ အလှူရှင်တစ်ဦးက အလှူငွေ ပေးအပ်လှူဒါန်းစဉ်။

❍ စာမျက်နှာ ၇ မှ

အချက်အလက်များအရ ငါးဦးသာ သေဆုံးခဲ့ကြောင်း၊ ကြိုတင်ပြင်ဆင်မှုများ ကောင်းမွန်စွာ ဆောင်ရွက်နိုင်ခဲ့ ခြင်းကြောင့် ထိခိုက်မှုအနည်းဆုံးဖြင့် ပြင်းထန်သည့် မုန်တိုင်းဒဏ်ကို အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

မုန်တိုင်းကြောင့် ထိခိုက်မှုများဖြင့်လည်း အကူအညီများ ပေးအပ်ရန် ကမ်းလှမ်းလာကြောင်း။

**မည်သည့်တိုက်တွန်းမှုမျှမပါ**

ယခုကဲ့သို့ မုန်တိုင်းဒဏ်သင့်ဒေသများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို မည်သည့်တိုက်တွန်းမှုမျှမပါဘဲ စေတနာအပြည့်ဖြင့် လာရောက်လှူဒါန်းကြခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ၂၀၂၁ ခုနှစ်မှစ၍ အခက်အခဲ အကျပ်အတည်းများကြားမှ ကျော်ဖြတ်နေရခြင်းဖြစ်ကြောင်း၊ အဆိုပါ အခက်အခဲအကျပ်အတည်းများကို ကျော်ဖြတ်နေရချိန်တွင် ယခုကဲ့သို့လှူဒါန်းနိုင်ခြင်းမှာလည်း စီးပွားရေးလုပ်ငန်းများ ပြန်လည်ကောင်းမွန်လာပြီး နိုင်ငံ၏စီးပွားရေး ပြန်လည်ကောင်းမွန်လာခြင်းကြောင့် ဖြစ်ကြောင်း၊ အလှူရှင်များ၏ စိတ်စေတနာနှင့် စီးပွားရေး ကောင်းမွန်လာသည့် အခြေအနေများကြောင့် လှူဒါန်းမှုများကို ဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ အခက်အခဲအကျပ်အတည်းများကိုဖြတ်ကျော်ခဲ့ပြီး နိုင်ငံအတွက် လိုအပ်သည့်အချိန်တွင် **"လှည်းနေ လှေအောင်းမြင်းဇောင်းမကျန်"** လှူဒါန်းမှုများကို မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ယခုလှူဒါန်းမှုများကို ရခိုင်ပြည်နယ်အတွက်သာမက အခြားမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ခဲ့ရသည့်ဒေသများကိုပါ ခွဲဝေလှူဒါန်းပေးသွားမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ တိုင်းပြည်အနေဖြင့် အခက်အခဲကြုံတွေ့နေရချိန်တွင် ဖြစ်ပေါ်ပြီးချိန်တွင် စေတနာရှင်၊ အလှူရှင်များက ပါဝင်လှူဒါန်းလိုကြောင်း သိရှိရခြင်းကြောင့် ယခုကဲ့သို့ လှူဒါန်းပွဲကို ကျင်းပ၍ အလှူငွေများ လက်ခံခဲ့ခြင်းဖြစ်ကြောင်း၊ **"တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိသည်"** ဆိုသည့်အတိုင်း မိမိအနေဖြင့်ခံယူထားပြီး ယခုကဲ့သို့ တိုင်းပြည်အတွက် လိုအပ်ချိန်တွင် အားတက်သရောပါဝင် လှူဒါန်းခြင်းများကြောင့် ကျေးဇူးတင် ဝမ်းမြောက်ပါကြောင်း၊ AHA Center မှ တာဝန်ရှိသူများအနေဖြင့်လည်း အကူအညီများ ပေးအပ်နိုင်ရေး မြန်မာနိုင်ငံသို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ အလားတူ အခြားနိုင်ငံများအနေ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ စေတနာရှင်၊ အလှူရှင်တစ်ဦးက အလှူငွေ ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ စေတနာရှင်၊ အလှူရှင်တစ်ဦးက အလှူငွေ ပေးအပ်လှူဒါန်းစဉ်။

စိတ်စေတနာ ထက်သန်စွာဖြင့် မည်သူ့၏ တိုက်တွန်းမှုမျှမပါဘဲ ကိုယ်တိုင်ကိုယ်ကျလှူဒါန်းကြသူ အလှူရှင်များနှင့် အဝေးမှ လှူဒါန်းသည့် အလှူရှင်များ၏ စိတ်စေတနာကို လေးစားတန်ဖိုးထားပါကြောင်း၊ ဝမ်းလည်းဝမ်းမြောက်ပါကြောင်း၊ **"တိုင်းပြည်၏ အားသည် ပြည်တွင်းမှာသာရှိသည်"** ဆိုသည့်အတိုင်း မိမိတို့တိုင်းပြည်အတွက် ဆောင်ရွက်ချိန်တွင် အရေးကြီးမှ သွေးစည်းသည် မဟုတ်ပဲ အရေးကြီးသည်ဖြစ်စေ၊ မကြီးသည်ဖြစ်စေ တိုင်းပြည်မှ လိုအပ်လာချိန်တွင် ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ကြမည်ဆိုပါက မိမိတို့တိုင်းပြည် သွားချင်

**❒ ယခုကဲ့သို့ အခက်အခဲအကျပ်အတည်းများကို ဖြတ်ကျော်ခဲ့ပြီး နိုင်ငံအတွက် လိုအပ်သည့်အချိန်တွင် "လှည်းနေ လှေအောင်း မြင်းဇောင်း မကျန်" လှူဒါန်းမှုများကို မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူ**

**❒ တိုင်းပြည်အနေဖြင့် အခက်အခဲကြုံတွေ့နေရချိန်တွင် စိတ်စေတနာ ထက်သန်စွာဖြင့် မည်သူ့၏ တိုက်တွန်းမှုမျှမပါဘဲ ကိုယ်တိုင်ကိုယ်ကျ လှူဒါန်းကြသူ အလှူရှင်များနှင့် အဝေးမှ လှူဒါန်းသည့် အလှူရှင်များ၏ စိတ်စေတနာကို လေးစားတန်ဖိုးထား**

သည့် လမ်းကြောင်းပေါ်တွင် သာယာဖြောင့်ဖြူးစွာ လျှောက်လှမ်းနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် မုန်တိုင်းဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေးအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ မိသားစုများကိုယ်စား စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးက အလှူငွေကျပ် သိန်း ၁၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လက်ခံရယူသည်။

ထို့နောက် တက်ရောက်လာကြသည့် စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက်ပေးအပ်လှူဒါန်းရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လက်ခံရယူခဲ့ပြီး မုန်တိုင်း ဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေး အတွက် စုစုပေါင်း အလှူငွေကျပ် သိန်းပေါင်း ၁၃၁၈၁၀ ကို လက်ခံရရှိခဲ့သည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် စေတနာရှင်၊ အလှူရှင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဦးစီးမှူးများ လုပ်ငန်းခွင်အကြိုစွမ်းရည်မြှင့်သင်တန်း အမှတ်စဉ် (၃ / ၂၀၂၃) သင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် မေ ၁၅**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲရုံး အဆင့်ဆင့်တို့တွင် တာဝန်ထမ်းဆောင်မည့် ဒုတိယဦးစီးမှူးများ လုပ်ငန်းခွင်အကြို စွမ်းရည်မြှင့်သင်တန်း အမှတ်စဉ်(၃/၂၀၂၃)ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။




**သိရှိထားရန်လို**

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးက ဒုတိယဦးစီးမှူးများသည် မြို့နယ်၌ ဦးစီးအရာရှိကို တာဝန်ခံ၍ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း၊ ရုံးလုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ရမည့် ပုဂ္ဂိုလ်များပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ရသည့် လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်ရသည့် လုပ်ငန်းပမာဏ အင်မတန်များပြားလှကြောင်း၊ သင်တန်းသားများအနေဖြင့် မြို့နယ်တာဝန်ခံဖြစ်သည့် ဦးစီးအရာရှိ တစ်ဦး ဆောင်ရွက်ရသည့် လုပ်ငန်းတာဝန်များကို သိရှိထားရန်လိုသကဲ့သို့ လုပ်ငန်းများဆောင်ရွက်ရာ၌လည်း မိမိအထက်အရာရှိနှင့် မိမိဌာနကို အထောက်အကူပြုနိုင်ရန် လေ့လာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲကျင်းပရာတွင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်ရကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ပြဋ္ဌာန်းထားသည့် ရွေးကောက်ပွဲ ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖြစ်စေရေး ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်ကို ကြီးကြပ်ရသကဲ့သို့ ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကိုလည်း ဥပဒေနှင့်အညီ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ကြီးကြပ်ဆောင်ရွက်ရကြောင်း။

ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲကျင်းပသည့်အချိန်မှသာ လုပ်ငန်းများ ဆောင်ရွက်ရခြင်းမျိုးမဟုတ်ဘဲ ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲနှောင်းပိုင်းကာလဆိုသည့် ကာလသုံးခုလုံး၌ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ကြရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ဆောင်ရွက်ရမည့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ အောင်မြင်စွာဖြင့် ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်ဆောင်ရွက်နိုင်ရန် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ကျေညက်အောင် လေ့လာမှတ်သားကြစေလိုကြောင်း၊ ပို့ချသည့်သင်ခန်းစာများကိုလည်း အလေးအနက်ထား လေ့လာသင်ယူကြရန် မှာကြားလိုကြောင်း။

**ဂရုတစိုက်လေ့လာမှတ်သား**

သင်တန်းသားများအနေဖြင့် ရွေးကောက်ပွဲကျင်းပသည့်အခါ လုပ်ငန်းစဉ်များအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များ၊ PR စနစ်နှင့်အညီ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ရုံးလုပ်ငန်းပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်အောင် သင်တန်းကပို့ချသည့် သင်ခန်းစာများကို ဂရုတစိုက်လေ့လာမှတ်သားကြစေလိုကြောင်း၊ ကိုယ်၊ စိတ်၊ နှလုံး သုံးပါးလုံးချမ်းမြေ့ပြီး ကျန်းမာကြံ့ခိုင်သည့် အရည်အချင်းရှိသော ဝန်ထမ်းကောင်းများဖြစ်စေရေး ကျင့်ကြံကြိုးစားကြစေလိုကြောင်း၊ ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ပြီး ဌာနအတွက်၊ နိုင်ငံတော်အတွက် အားကိုးအားထားပြုရသည့် လူတော်လူကောင်းများ ဖြစ်ရန် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် သင်တန်းသားတစ်ဦးချင်းစီအလိုက် ကိုယ်ရေးအချက်အလက်များကို တင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းသည်။ အဆိုပါ သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးတာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူ ၅၂ ဦး တက်ရောက်ကြပြီး သင်တန်းကို မေ ၁၅ ရက်မှ ဇွန် ၁၆ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နည်းပညာဆိုင်ရာ သုတေသနဖွံ့ဖြိုးရေးအတွက် မြင်း၊ မြည်းနှင့် လား မွေးမြူထုတ်လုပ်ရေးသင်တန်းဖွင့်လှစ်

**နေပြည်တော် မေ ၁၅**

နည်းပညာဆိုင်ရာ သုတေသနဖွံ့ဖြိုးရေးအတွက် မွေးမြူရေးသုတေသနဦးစီးဌာနက ဖွင့်လှစ်သည့် မြင်း၊ မြည်းနှင့် လား မွေးမြူထုတ်လုပ်ရေးသင်တန်းကို ယနေ့နံနက်ပိုင်းက နေပြည်တော် ရေဆင်း၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဒေါက်တာတင်ထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီ ခေတ္တဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ၊ သင်တန်းပို့ချပေးကြမည့် ပညာရှင်များ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



**မွေးမြူရေးကဏ္ဍဖွံ့ဖြိုးလာစေရန်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က နိုင်ငံတော်အနေဖြင့် လယ်ယာ၊ သား၊ ငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခေတ်မီနည်းပညာများ အသုံးပြုပြီး ဘက်စုံကဏ္ဍစုံ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာရေးကို ရည်မှန်းချက်၊ ဦးတည်ချက်ထား ဆောင်ရွက်လျက်ရှိရာ စားရေရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ အာဟာရပြည့်ဝရေးအတွက် အရေးပါသည့် ကဏ္ဍတစ်ရပ်ဖြစ်သော မွေးမြူရေးကဏ္ဍကောင်းစွာဖွံ့ဖြိုးလာစေရန် မွေးမြူရေးသုတေသနဦးစီးဌာနကို အသစ်တည်ထောင်ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ကြောင်း၊ စီမံခန့်ခွဲမှုအပိုင်းနှင့် ဘဏ္ဍာငွေကြေးလိုအပ်ချက်ကို နိုင်ငံတော်အစိုးရက ဖြည့်ဆည်းဆောင်ရွက်ပေးသော်လည်း မွေးမြူရေးကဏ္ဍကို လက်တွေ့အကျိုးပြုနိုင်မည့် သုတေသနရလဒ်ကောင်းများ ဖော်ထုတ်ပေးနိုင်ရေးသည် ပညာရှင်များနှင့် မျိုးဆက်သစ်သုတေသနပညာရှင်များ၏ လက်ဝယ်တွင်ရှိနေသည်ကို သတိပြုပြီး ကျရာအခန်းကဏ္ဍများမှ ကြိုးပမ်းသွားကြရန် တိုက်တွန်းလိုကြောင်း။

အခြားတစ်ဖက်တွင်လည်း သဘာဝသယံဇာတများနှင့် သဘာဝပတ်ဝန်းကျင်များအပေါ် ထိခိုက်မှုမရှိစေဘဲပြောင်းလဲလာသော စားရေရိက္ခာလိုအပ်ချက်၊ ကျန်းမာရေးလိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်မည့် ပိုမိုကောင်းမွန်သောစနစ်များသို့ ပြောင်းလဲကျင့်သုံးနိုင်ရေးအတွက် သုတေသနလုပ်ငန်းများကို အရေးကြီးသောကဏ္ဍအဖြစ် တွေ့မြင်ရမည် ဖြစ်ကြောင်း။

မွေးမြူရေးဆိုင်ရာ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် မွေးမြူရေးသုတေသနဦးစီးဌာနတစ်ခုတည်းသာမက လုပ်ငန်းဆက်စပ်တက္ကသိုလ်၊ အစိုးရမဟုတ်သော မွေးမြူရေး ရေလုပ်ငန်းအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ဆောင်ရွက်နေခြင်းကို ဆက်လက် တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ယနေ့နည်းပညာဆိုင်ရာ သုတေသနဖွံ့ဖြိုးရေး လုပ်ငန်းအဖြစ် မြင်း၊ မြည်း၊ လား မွေးမြူထုတ်လုပ်ရေး သင်တန်းသည်လည်း အနာဂတ်မြန်မာနိုင်ငံ၏ မွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ကောင်းမွန်သော ရလဒ်များ ပေါ်ထွက်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် မွေးမြူရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းနိုင်ထွန်း က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ကုန်းသတ္တဝါ၊ ရေသတ္တဝါဆိုင်ရာ သုတေသနလုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

**ငါးရက်ကြာဖွင့်လှစ်မည်**

မြန်မာနိုင်ငံရှိ မြင်းမွေးမြူရေး၊ မြင်းအစာအာဟာရနှင့် မြင်းရောဂါဆိုင်ရာ သုတေသနကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် မြင်းများ၏ မျိုးပွားစွမ်းရည်ကို လေ့လာခြင်းနှင့် မျိုးမြှင့်တင်ခြင်းဆိုင်ရာ သုတေသနလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ပြီး မြင်းမွေးမြူထုတ်လုပ်ရေးကို အထောက်အကူပြုနိုင်ရန်ရည်ရွယ်၍ ငါးရက်ကြာဖွင့်လှစ်မည်။ အဆိုပါသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၂၄ ဦး တက်ရောက်လေ့လာလျက်ရှိပြီး မြင်းမျိုးနွယ်စု မျိုးမြှင့်သားဖောက်ခြင်းနှင့် မွေးမြူထုတ်လုပ်ခြင်းဆိုင်ရာ (Equine Breeding and Production) ဘာသာရပ်များကို ဒေါက်တာမြင့်သန်း ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ကလည်းကောင်း၊ မြင်းမျိုးနွယ်စု ရောဂါများနှင့် အစာအာဟာရဆိုင်ရာ(Equine Diseases and Basic Nutrition for equine) ဘာသာရပ်များကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ပါမောက္ခ/ဌာနမှူး ဒေါက်တာဝင်းဥမ္မာကျော်ကလည်းကောင်း၊ မြန်မာနိုင်ငံနှင့် နိုင်ငံတကာ၏ မြင်းမွေးမြူရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်မှ ဒေါက်တာဆန်းထွန်းဦးကလည်းကောင်း ပို့ချဆွေးနွေးသွားကြမည်ဖြစ်သည်။

ဆက်လက်၍ အသားတိုးနွား၊ နို့စားနွားနှင့် ဝက်၊ ကြက်မွေးမြူရေးအတွက် သုတေသနလုပ်ငန်းဆိုင်ရာ သင်တန်းများကိုလည်း ဖွင့်လှစ်ဆောင်ရွက်သွားရန် စီမံထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# မြန်မာ-တရုတ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် မေ ၁၅

မြန်မာ-တရုတ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ အကောင်အထည်ဖော်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်၍ ကျင်းပခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**ဆွေးနွေး**

အဆိုပါအစည်းအဝေးတွင် တရုတ်နိုင်ငံအစိုးရ၏အထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိသည့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်ရေးကိစ္စ၊ မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ဒေသ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် နယ်စပ် ဝင်/ထွက်ဂိတ်များမှတစ်ဆင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးကိစ္စ၊ ကုန်သွယ်ရေးတွင် ယွမ်-ကျပ် တိုက်ရိုက်သုံးစွဲမှု မြှင့်တင်ရေးကိစ္စ၊ မြန်မာနိုင်ငံမှ လယ်ယာစိုက်ပျိုးရေးထွက်ကုန်များ တရုတ်နိုင်ငံသို့ ပိုမိုတင်ပို့ရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင် နေပြည်တော်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့်နေရာများ ကွင်းဆင်းကြည့်ရှု

နေပြည်တော် မေ ၁၅

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်သည် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် လေပြင်းတိုက်ခတ်မှုကြောင့် နေပြည်တော်အတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ အမိုးလန်ပျက်စီးကာ သစ်ပင်၊ သစ်ကိုင်းများ ကျိုးကျပြီး ဓာတ်တိုင်များ ပြိုလဲပျက်စီးမှု ဖြစ်ပွားခဲ့ရာနေရာများသို့ ကွင်းဆင်းကြည့်ရှုသည်။



**ကြည့်ရှုစစ်ဆေး**

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့်တာဝန်ရှိသူများသည် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀) သို့ သွားရောက်ပြီး လေပြင်းတိုက်ခတ်မှုကြောင့် ဓာတ်တိုင်လဲကျ၍ ပြန်လည်ပြင်ဆင် ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။ အစည်းအဝေးခန်းမ၌ ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံ၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကျန်းမာရေးအသိပညာပေးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ အစားအသောက်များနှင့်ပတ်သက်၍ သန့်ရှင်းသည့် အစားအသောက်များ ဖြစ်စေရေး စစ်ဆေးရန်နှင့် လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဒက္ခိဏသီရိမြို့နယ် မဲဒီးကျေးရွာသို့သွားရောက်၍ လေပြင်းတိုက်ခတ်မှုကြောင့် အမိုးလန်ပျက်စီးခဲ့သည့် အခြေခံပညာမူလတန်းကျောင်းကိုလည်းကောင်း၊ ပျဉ်းမနားမြို့နယ် တောင်သာကျေးရွာတွင် လေပြင်းတိုက်ခတ်ပြီး သစ်ပင်လဲကျမှုကြောင့် ထိခိုက်ခဲ့သည့် ထရန်စဖော်မာ တစ်လုံးနှင့် ဓာတ်တိုင်များလဲကျမှုများကို မြို့နယ်လျှပ်စစ်မှ တာဝန်ရှိသူများက အသစ်တစ်လုံး လဲလှယ်တပ်ဆင်နေမှုနှင့် သစ်ပင်သစ်ကိုင်းများ ရှင်းလင်းနေမှုကိုလည်းကောင်း၊ ဇေယျာသီရိမြို့နယ် အောင်ဇေယျ ရပ်ကွက်ရှိ လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်လဲပြီး အမိုးလန်ပျက်စီးခဲ့သည့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းဆောင်ကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများကို လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ရေဆင်းကျေးရွာ ရေဆင်း ရေလှောင်တမံကိုလည်းကောင်း၊ ဥတ္တရသီရိမြို့နယ် ချောင်းမကြီး ရေလှောင်တမံ ရေဝင်ရောက်မှုနှင့် ရေဖြန့်ဝေပေးနေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ပျဉ်းမနားမြို့ မေတ္တာကန်သဲနုန်းများတူးဖော်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်သည် ညနေ ၄ နာရီတွင် နေပြည်တော်ကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် လယ်ဝေးမြို့နယ် ကန်သာကျေးရွာအုပ်စု အောင်မြင်ကုန်းကျေးရွာနှင့် တံတားဦးကျေးရွာများ ပြန်လည်ထူထောင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များနှင့် တက်ရောက်လာကြသူများက အောင်မြင်ကုန်းကျေးရွာနှင့် တံတားဦးကျေးရွာများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်က ဖြည့်စွက်ဆွေးနွေးတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး သင်တန်းအမှတ်စဉ် (၁၃) နှင့် အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ် (၁၄) ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မေ ၁၅

နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်) တွင် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး သင်တန်းအမှတ်စဉ် (၁၃)နှင့် အဆင့်မြင့် အရာထမ်းသင်တန်း အမှတ်စဉ် (၁၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် အဆိုပါသင်တန်းကျောင်း နီလာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစစ်အေး၊ တာဝန်ခံအဖွဲ့ဝင် ဦးဆန်းမြင့်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ် သင်ကြား/စီမံဌာနများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။




**ရည်ရွယ်ဖွင့်လှစ်**

ဦးစွာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ဝန်ကြီးဌာန၊ အဖွဲ့အစည်းအသီးသီး၏ စီမံခန့်ခွဲအုပ်ချုပ်မှုပိုင်း၌ တာဝန်ထမ်းဆောင်လျက်ရှိသော အဆင့်မြင့်အရာရှိကြီးများ၏ အရည်အသွေးများ မြင့်မား ထက်မြက်လာစေရန်၊ ဦးဆောင်နိုင်မှုစွမ်းရည် တိုးတက်လာစေရန်နှင့် အနာဂတ်ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးကောင်းများ ပေါ်ထွက်လာစေရန်အတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း။

အဆင့်မြင့် အရာရှိကြီးများအား အဆင့်မြင့်သည့် တာဝန်များပေးအပ်နိုင်ရန်အတွက် လိုအပ်သော ခေါင်းဆောင်မှု၊ စီမံခန့်ခွဲမှုနှင့် ဘက်ပေါင်းစုံမှ တွေးခေါ်မြော်မြင်မှု၊ ဆန်းသစ်တီထွင်ဖန်တီးနိုင်မှု၊ ညှိနှိုင်းပေါင်းစပ်တတ်မှု၊ ပြည်တွင်း၊ ပြည်ပ ပညာရပ်အတွေ့အကြုံ၊ သင်ခန်းစာနှင့် နမူနာများကို လေ့လာသုံးသပ်တတ်သော အလေ့အထများ ရရှိရန် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးမှ ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့် တာဝန်ရှိသူများ၊ ပြင်ပကျွမ်းကျင်ပညာရှင်များ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများနှင့် ပညာဌာန ရှစ်ခုမှ ဆရာကြီး ဆရာမကြီးများက ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း။

**မရှိမဖြစ်လိုအပ်**

ကောင်းမွန်သော လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်နိုင်ရန်အတွက် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် မရှိမဖြစ်လိုအပ်သဖြင့် အဖွဲ့အစည်းအသီးသီးရှိ အဆင့်မြင့် အရာရှိကြီးများက သတင်းအချက်အလက်များ မျှဝေပေးရန်၊ အဂတိတရား ကင်းရှင်းပြီး တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်းဆုံးဝန်ဆောင်မှုပေးကာ ပြည်သူလူထု၏ အကျိုးစီးပွားကိုရှေးရှု၍ အကောင်အထည်ဖော်ကြရန် တိုက်တွန်းမှာကြားသည်။

အဆိုပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး သင်တန်းအမှတ်စဉ် (၁၃)သို့ ဝန်ကြီးဌာနအသီးသီးမှ သင်တန်းသား ၁၄ ဦး၊ သင်တန်းသူ ခြောက်ဦး စုစုပေါင်း ၂၀ နှင့် အဆင့်မြင့်အရာထမ်း သင်တန်းအမှတ်စဉ်(၁၄)သို့ ဝန်ကြီးဌာနအသီးသီးမှ သင်တန်းသား ၂၂ ဦး၊ သင်တန်းသူ ၁၈ ဦး စုစုပေါင်း ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၁၅ ရက်မှ ဇူလိုင် ၇ ရက်အထိ ရက်သတ္တ ရှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆိုင်ကလုန်းမုန်တိုင်း မိုခါ လေဖိအားနည်းရပ်ဝန်းအဖြစ် အားလျော့သွားပြီ


**မေ ၁၅ ရက် နံနက် ၇ နာရီအချိန် ထုတ်ပြန်ချက်**


မေ၁၅ ရက် နံနက် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ချင်းပြည်နယ် မတူပီမြို့အနီးမှ ကုန်းတွင်းသို့ရွေ့လျား ဝင်ရောက်ခဲ့သော အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"သည် မြောက်-အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" အဖြစ်သို့ အားလျော့သွားခဲ့ကာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း ကသာမြို့အနီးမှ မြောက်-အရှေ့မြောက် ဘက်သို့ ဆက်လက်ရွေ့လျားလျက်ရှိပြီးနောက် ခြောက်နာရီအတွင်း ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် အားလျော့သွားနိုင်ပြီး မြောက်-အရှေ့မြောက် ဘက်သို့ ဆက်လက်ရွေ့လျားကာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး (မြောက်ပိုင်း)၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့သို့ ရောက်ရှိနိုင်သည်။ ထို့နောက် ကချင်ပြည်နယ်တွင် လေဖိအားနည်းရပ်ဝန်းအဖြစ် တဖြည်းဖြည်း အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရပါသည်။ မုန်တိုင်းကုန်းတွင်းသို့ ရွေ့လျားစဉ် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ ခန့် ရှိနိုင်ကြောင်း ခန့်မှန်းရသည်။

**မေ ၁၅ ရက် နံနက် ၁၁ နာရီအချိန် ထုတ်ပြန်ချက်**

မေ ၁၅ ရက် နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း) ကသာမြို့အနီးမှ ကုန်းတွင်းသို့ ရွေ့လျားဝင်ရောက်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"သည် ကချင်ပြည်နယ် ဗန်းမော်မြို့အနီးမှ အရှေ့-အရှေ့မြောက် ယွန်းယွန်းသို့ ရွေ့လျားခဲ့ပြီး တရုတ်-မြန်မာနယ်စပ်တွင် မုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားခဲ့ကာ နောက်သုံးနာရီအတွင်း လေဖိအားနည်းရပ်ဝန်းအဖြစ် တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်းရသည်။

(၁၅.၅.၂၀၂၃)ရက်နေ့ မြန်မာစံတော်ချိန် (၀၉:၃၀)နာရီအချိန် တိုင်းထွာချက်အရ မုန်တိုင်းငယ် လမ်းကြောင်းပြမြေပုံ




မုန်တိုင်းငယ်သည် မြန်မာနိုင်ငံမှ ဖြတ်ကျော်ခဲ့ပြီး ဖြစ်သည့်အတွက် အစိမ်းရောင်အဆင့်ဟု သတ်မှတ်သည်။

**မေ ၁၅ ရက် မွန်းလွဲ ၂ နာရီအချိန် ထုတ်ပြန်ချက်**

မေ ၁၅ ရက် မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ တရုတ်- မြန်မာနယ်စပ်သို့ ရောက်ရှိခဲ့သော မုန်တိုင်းငယ်သည် အရှေ့- အရှေ့မြောက် ယွန်းယွန်းသို့ ဆက်လက်ရွေ့လျားခဲ့ပြီး တရုတ်နိုင်ငံအတွင်း လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားလျော့သွားခဲ့ပြီး ဖြစ်သည်။

ယခုသတင်းသည် အလွန့်အလွန် အားကောင်းသောဆိုင်ကလုန်းမုန်တိုင်းအတွက် ထုတ်ပြန်ပေးသည့် နောက်ဆုံးသတင်းဖြစ်သည်။ **မိုး/ဇလ**

## နိုင်ငံတစ်ဝန်း မေ ၁၄ ရက်မှ မေ ၁၅ ရက်အတွင်း မိုးရေချိန် သုံးလက်မအထက် ရွာသွန်းခဲ့သော ဒေသများ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့ | မိုးရေချိန်/လက်မ |
|---|---|---|---|
| ၁။ | ချင်းပြည်နယ် | ဟားခါး | ၄.၂၉ လက်မ |
| ၂။ | စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း) | ခန္တီး | ၃.၁၄ လက်မ |
| | | မော်လိုက် | ၄.၁၇ လက်မ |
| | | ကလေးဝ | ၄.၂၉ လက်မ |
| | | ကလေး | ၃.၇၅ လက်မ |
| | | မင်းကင်း | ၆.၃၈ လက်မ |
| ၃။ | စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း) | ကန့်ဘလူ | ၄.၅၃ လက်မ |
| | | ရွှေဘို | ၃.၂၇ လက်မ |
| | | မုံရွာ | ၃.၁၄ လက်မ |
| | | ရေဦး | ၆.၁၄ လက်မ |
| ၄။ | မန္တလေးတိုင်းဒေသကြီး | မိုးကုတ် | ၄.၇၂ လက်မ |
| | | ညောင်ဦး | ၅.၀၈ လက်မ |
| ၅။ | မကွေးတိုင်းဒေသကြီး | ချောက် | ၅.၆၇ လက်မ |
| | | ဂန့်ဂေါ | ၅.၀၈ လက်မ |
| ၆။ | ရခိုင်ပြည်နယ် | စစ်တွေ | ၅.၇၀ လက်မ |
| | | ဝ | ၃.၆၂ လက်မ |
| ၇။ | ဧရာဝတီတိုင်းဒေသကြီး | ဟသ်ာတ | ၃.၃၁ လက်မ |
| ၈။ | ကရင်ပြည်နယ် | ဘားအံ | ၃.၂၂ လက်မ |
| | | ဘားအံ(စိုက်ပျိုးရေးမိုးလေဝသ) | ၃.၇၄ လက်မ |

## မှတ်သားဖွယ်ရာ မိုးရေချိန်များ(၁၅-၅-၂၀၂၃)

| | | |
|---|---|---|
| ကနီ | ၁၁.၁၈ | လက်မ |
| မင်းကင်း | ၆.၃၈ | လက်မ |
| ရေဦး | ၆.၁၄ | လက်မ |
| စစ်တွေ | ၅.၇၀ | လက်မ |
| ချောက် | ၅.၆၇ | လက်မ |
| ညောင်ဦး | ၅.၀၈ | လက်မ |
| ဂန့်ဂေါ | ၅.၀၈ | လက်မ |

| | | |
|---|---|---|
| တကောင်း | ၅.၀၅ | လက်မ |
| မိုးကုတ် | ၄.၇၂ | လက်မ |
| ကန့်ဘလူ | ၄.၅၃ | လက်မ |
| ဟားခါး | ၄.၂၉ | လက်မ |
| ကလေးဝ | ၄.၂၉ | လက်မ |
| မော်လိုက် | ၄.၁၇ | လက်မ |

## မုန်တိုင်းဖြစ်ပေါ်ပြီးချိန်တွင် ပြုလုပ်ရန် အချက်များ

၁။ မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။

၂။ အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင် သစ်ကိုင်းများ သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ။

၃။ အိမ်၏ခိုင်ခံ့မှုအနေအထားနှင့် အဆိပ်ရှိသော တိရစ္ဆာန်များ အိမ်ခြံအတွင်း ရှိ/မရှိ စစ်ဆေးပါ။

၄။ သန့်ရှင်းသောသောက်သုံးရေ (သို့) ကျိုချက်ထားသောရေ (သို့) ရေသန့်ဆေးခတ်ထားသောရေကိုသာ အမြဲသောက်သုံးပါ။

၅။ ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။

## မုန်တိုင်းဖြစ်ပြီးချိန်တွင် ရှောင်ရှားသင့်သည့် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကို မျှဝေပါ။ ကောလာဟလသတင်းများကို မယုံပါနှင့်။

၂။ မလိုအပ်ဘဲ အပြင်မထွက်ပါနှင့်။

၃။ မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်။

၄။ ပြိုကျပျက်စီးနေသော အဆောက်အအုံများ၊ သစ်ပင်များ တောင်စောင်းများသို့ မသွားပါနှင့်။

## မြေပြိုမှုဖြစ်ပေါ်ပြီးချိန်တွင် ပြုလုပ်ရန်အချက်များ

၁။ မြေပြိုထားသော ပတ်ဝန်းကျင်၊ အဆောက်အအုံများ၊ လျှပ်စစ်မီးကြိုးနှင့် ဝေးဝေးနေပါ။ မြေပြိုခြင်းဒဏ်ခံရသော နေအိမ်အဆောက်အအုံများအား သက်ဆိုင်ရာတာဝန်ရှိသူများ၏ ခွင့်ပြုချက်ရမှသာလျှင် ဝင်ရောက်နေထိုင်ပါ။

၂။ မြေပြိုမှုကြောင့် ဒဏ်ရာရသူ ပိတ်မိနေသူများရှိပါက ကယ်ဆယ်ရေးအဖွဲ့သို့ ချက်ချင်းအကြောင်းကြားပြီး လိုအပ်သောအကူအညီများပေးပါ။

၃။ မိသားစုဝင်များ ပျောက်ဆုံးကွဲကွာပါက သက်ဆိုင်ရာသို့ ချက်ချင်းအကြောင်းကြားပါ။

၄။ မြေပြိုခြင်းကြောင့် နောက်ဆက်တွဲဖြစ်လာနိုင်သော ရေလွှမ်းမိုးမှု၊ ရွှံ့နုန်းမြေများ၊ မြေသားအစိုင်အခဲများ ပြိုကျစီးဆင်းလာနိုင်မှုတို့အား အထူးသတိပြုနေထိုင်ပါ။

၅။ မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်။

၆။ မြေပြိုထားသောနေရာများ၌ အဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များ၊ တာဝန်ရှိသူများ၏ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ပါ။

၇။ ဘေးအန္တရာယ်ကျရောက်ပြီးနောက် ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ နို့တိုက်မိခင်များ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသူများအား အထူးဂရုပြုစောင့်ရှောက်မှုပေးပါ။

# တိုင်းဒေသကြီး / ပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ လေဘေးရှောင်ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့မှုများ ဆောင်ရွက်



ဧရာဝတီတိုင်းဒေသကြီး ကိုင်းတောင်၊ ပြင်စလူမြို့နယ် နေရပ်ပြန်မည့် လေဘေးရှောင်ပြည်သူများအား မော်တော်ယာဉ်ဖြင့် ပို့ဆောင်ပေးစဉ်။



ရခိုင်ပြည်နယ် IDP Camp မှ လေဘေးရှောင်ပြည်သူများအား တာဝန်ရှိသူများက အားပေးစကား ပြောကြားစဉ်။



ရခိုင်ပြည်နယ် ဂွမြို့နယ်၌ လေဘေးရှောင်ပြည်သူများအား တာဝန်ရှိသူများက ထမင်းထုပ်များ ဝေငှနေသည်ကို တွေ့ရစဉ်။



ရခိုင်ပြည်နယ် IDP Camp သို့ လေဘေးရှောင်ပြည်သူများအား တာဝန်ရှိသူများက ပို့ဆောင်ပေးစဉ်။



ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်းဆောင်များ ပျက်စီးခဲ့သည့်အတွက် တာဝန်ရှိသူများက ထောက်ပံ့ငွေများ ပေးအပ်စဉ်။ ကျိုက်လတ်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များပြိုလဲပျက်စီးခဲ့သည့် မိသားစုများအား တာဝန်ရှိသူများက ထောက်ပံ့ငွေများ ပေးအပ်စဉ်။ မြို့နယ်(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ လေဘေးရှောင်ပြည်သူများအား ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့ငွေများ ပေးအပ်စဉ်။ မြို့နယ်(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ လေဘေးရှောင်ပြည်သူများအား တာဝန်ရှိသူများက ထောက်ပံ့ငွေများ ပေးအပ်စဉ်။ မြို့နယ်(ပြန်/ဆက်)

# တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ မိုခါမုန်တိုင်းကြောင့် ပျက်စီးမှုများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်



ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်ရှိ ကျေးရွာများ၌ လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်သစ်ကိုင်းများ ကျိုးကျနေမှုကို မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ရှင်းလင်းဆောင်ရွက်ပေးစဉ်။ မြို့နယ်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်သစ်ကိုင်းများ ကျိုးကျမှုကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ရှင်းလင်းဖယ်ရှားပေးစဉ်။ သတင်းစဉ်



စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ကျေးရွာများ၌ လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်သစ်ကိုင်းများ ကျိုးကျနေမှုကို မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ရှင်းလင်းဆောင်ရွက်ပေးစဉ်။ ခရိုင်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်ရှိ ကျေးရွာများ၌ လေပြင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်းများ အမိုးလန်ပျက်စီးနေမှုကို တွေ့ရစဉ်။ မြို့နယ်(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်သစ်ကိုင်းများ ကျိုးကျမှုကို မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ရှင်းလင်းဖယ်ရှားပေးစဉ်။ မြို့နယ်(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်ရှိ ကျေးရွာအချို့၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များ ပြိုလဲပျက်စီးနေမှုကို မီးသတ်တပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးစဉ်။ မြို့နယ်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်အတွင်းရှိ ကျေးရွာအချို့၌ လေပြင်းတိုက်ခတ်မှုကြောင့် အိမ်များပျက်စီးဆုံးရှုံးမှုကို တွေ့ရစဉ်။ မြို့နယ်(ပြန်/ဆက်)



ရခိုင်ပြည်နယ် သံတွဲမြို့နယ် ကျေးရွာအချို့၌ လေပြင်းတိုက်ခတ်မှုကြောင့် အိမ်များပျက်စီးနေမှုကို တွေ့ရစဉ်။ ခရိုင်(ပြန်/ဆက်)

# ရခိုင်ပြည်နယ် သဘာဝဘေးသင့် ပြည်သူများအား ကူညီဆောင်ရွက်ရေးအတွက် အလှူငွေလှူဒါန်း



နေပြည်တော် မေ ၁၅

ရခိုင်ပြည်နယ် သဘာဝဘေးသင့် ပြည်သူများအား ကူညီရေးအတွက် အလှူငွေလှူဒါန်းခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ သီတဂူဗုဒ္ဓတက္ကသိုလ် (ရန်ကုန်)၌ ပြုလုပ်ရာ နိုင်ငံတော်ဩဝါဒါစရိယ သောဌသမ ရွှေကျင်သာသနာပိုင် ဆရာတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ သောဌသမ ရွှေကျင်သာသနာပိုင် ဆရာတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ ဆရာတော်ကြီးက ရခိုင်ပြည်နယ်မှ သဘာဝဘေးသင့်ပြည်သူများအား ကူညီဆောင်ရွက်ရေးအတွက် အလှူငွေကျပ် သိန်း ၁၀၀၀ ကို လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လက်ခံရယူသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ကျေးဇူးတင်စကားများ ပြန်လည်လျှောက်ထားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဆိုင်ကလုန်းမုန်တိုင်း မိုခါ၏အရှိန်ကြောင့် မုံရွာမြို့တွင် ပြိုလဲသည့်သစ်ပင်ကြီးများအား ခုတ်ထွင်ရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်

မုံရွာ မေ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် မေ ၁၄ ရက် ညပိုင်း၌ ဆိုင်ကလုန်းမုန်တိုင်း မိုခါ၏အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းတို့ဖြစ်ပေါ်ကာ မုံရွာမြို့ပေါ်ရှိ လမ်းမကြီးအချို့တွင် သစ်ပင်သစ်ကိုင်းများနှင့် ဓာတ်တိုင်အချို့ လဲကျခြင်းများ ဖြစ်ပွားခဲ့သည်။ အဆိုပါဖြစ်ပေါ်ခဲ့သည့် နေရာများ၌ မေ ၁၅ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့ဝင်များက လမ်းမကြီးအချို့ပေါ်ရှိ သစ်ပင်ကြီးများနှင့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။



အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း မိုခါ၏အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းတို့ဖြစ်ပေါ်ကာ မုံရွာမြို့ပေါ်ရှိ ရုံးကြီးလမ်း၊ ကမ်းနားလမ်း၊ ဗိုလ်ချုပ်လမ်းနှင့် ပြည်သူ့ဆေးရုံကြီး ဝန်ထမ်းအိမ်ရာများ၌ လဲကျခဲ့သည့် သစ်ပင်များ၏ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုနေရာများသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ပြီး သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာခရိုင်၊ ကလေးခရိုင်၊ ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်၊ စစ်ကိုင်းခရိုင်နှင့် ယင်းမာပင်ခရိုင်တို့ရှိမြို့နယ်များတွင် လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးရွာသွန်းမှုများကြောင့် ယနေ့နံနက်ပိုင်းတွင် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ လူမှုကူညီရေးအသင်းအဖွဲ့ဝင်များက သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးနှင့် မြို့သန့်ရှင်းသာယာလှပရေးတို့ကို ပူးပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ရွာသစ်ကျေးရွာ၊ တလုတ်ကုန်းကျေးရွာနှင့် ကန်ကြီးထောင့်မြို့နယ် တကုန်းကြီးကျေးရွာ၊ အပင်နှစ်ဆယ်ကျေးရွာရှိ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်

နေပြည်တော် မေ ၁၅

ဧရာဝတီ တိုင်းဒေသကြီး အိမ်မဲမြို့နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများအား ဆန်၊ ဆီ၊ ကြက်ဥ၊ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် အိမ်မဲမြို့နယ် ရွာသစ်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည်။ အဆိုပါ ပေးအပ်ပွဲသို့ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး၊ မြောင်းမြခရိုင် သဘာဝဘေးအန္တရာယ် ကြိုးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊



လူမှုရေး အသင်းအဖွဲ့များနှင့် လေဘေးသင့် ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အိမ်မဲမြို့နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများအား အားပေးစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်ရာ လေဘေးသင့်ပြည်သူများက လက်ခံရယူပြီး လေဘေးသင့် ပြည်သူများကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အိမ်မဲမြို့နယ်တလုတ်ကုန်းကျေးရွာနှင့် ကန်ကြီးထောင့်မြို့နယ် တကုန်းကြီးကျေးရွာများတွင် လေပြင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်း အမိုးလန်ပျက်စီးမှုများကို နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများနှင့်ပူးပေါင်း၍ စာသင်ကျောင်းများအား လိုအပ်သည့် သွပ်အမိုးများ အသစ်လဲလှယ်ပေးမှုနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှုတို့ကို ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့၊ ဖျာပုံမြို့၊ ဒေးဒရဲမြို့၊ ဟသာင်္တမြို့၊ လပွတ္တာမြို့၊ မော်လမြိုင်ကျွန်းမြို့နှင့် ကျိုက်လတ်မြို့တို့၌ လေပြင်းတိုက်ခတ်မှုကြောင့် ပြိုကျပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စေတီများ၊ စာသင်ကျောင်းများ၊ လူနေအိမ်များနှင့် လမ်းများပေါ်တွင် လဲကျနေသည့် သစ်ပင်သစ်ကိုင်းများအား နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများနှင့်ပူးပေါင်း၍ ကူညီရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှုကို သက်ဆိုင်ရာတာဝန်ရှိသူများကကြည့်ရှုအားပေး၍လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ညောင်ရွှေမြို့နယ် ရေချိုကျေးရွာအနီးရှိ သစ်သားတံတားတစ်စင်းပျက်စီး မော်တော်ယာဉ်ဖြတ်သန်းသွားလာမှု ခေတ္တရပ်တန့်

ညောင်ရွှေ မေ ၁၅

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်အတွင်း ယနေ့နံနက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မော်ဘီကျေးရွာမှ စံကားမြို့ဟောင်းသို့သွားသည့် ကျေးလက်လမ်းပေါ်ရှိ ရေချိုရွာတောင်ဘက်အနီး သစ်သားတံတားတစ်စင်း ထိခိုက်ပျက်စီးလျက်ရှိကြောင်း သိရသည်။။

**တောင်ကျရေတိုက်စား**

အဆိုပါတံတားသည် ကာလကြာရှည်စွာ အသုံးပြုခဲ့ခြင်းကြောင့် ဟောင်းနွမ်းဆွေးမြည့်နေ၍ လွန်ခဲ့သော လေးလခန့်မှ အသုံးပြုခြင်းမရှိတော့ဘဲ တောင်ကျချောင်း ၁၄ ပေခန့်ကို မြေဖို့၍ အသုံးပြုခဲ့ရာမှ ယနေ့နံနက် ၃ နာရီခွဲခန့်တွင် မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေတိုက်စားမှုကြောင့် ပျက်စီးခဲ့ကြောင်း၊ လတ်တလောတွင် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာမှု ခေတ္တရပ်တန့်လျက်ရှိကြောင်းနှင့် ပြန်လည်ပြင်ဆင်အသုံးပြုနိုင်ရေးအတွက် သက်ဆိုင်ရာမှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**


# ဘေးသင့်ဒေသများရှိ ပြည်သူများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်

**စစ်တွေ မေ ၁၅**

ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းနှင့်ယင်းနှင့်ဆပ်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Extremely Serve Cyclonic Storm) မိုခါ (MOCHA) သည် ယမန်နေ့ နံနက် မြန်မာစံတော်ချိန် ၁၀ နာရီခွဲတွင် မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းဒေသများကို စစ်တွေမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့သည်။

**ဝင်ရောက်တိုက်ခတ်ခဲ့**

အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) သည် စစ်တွေမြို့၏ အနောက်တောင်ဘက်မှ မုန်တိုင်း၏ အဝန်းအဝိုင်း စတင်ဝင်ရောက်ခဲ့ပြီး နံနက် ၁၀ နာရီခွဲတွင် လေတိုက်နှုန်းတစ်နာရီလျှင် မိုင် ၆၀ နှုန်းဖြင့်လည်းကောင်း၊ မွန်းတည့် ၁၂ နာရီမှ ၁ နာရီအတွင်း တစ်နာရီလျှင် မိုင် ၈၀ နှုန်းဖြင့်လည်းကောင်း၊ မွန်းလွဲ ၁ နာရီမှစ၍ ပိုမိုအားကောင်းလာကာ မုန်တိုင်းဗဟိုချက် ဖြတ်ကျော်သည့် မွန်းလွဲ ၁ နာရီခွဲမှစ၍ လေတိုက်နှုန်း တစ်နာရီလျှင် မိုင် ၁၂၀ နှုန်းဖြင့်လည်းကောင်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီး ညနေ ၄ နာရီနောက်ပိုင်းမှစ၍ လေတိုက်နှုန်းတဖြည်းဖြည်း လျော့နည်းကျဆင်းခဲ့သည်။



အဆိုပါ မုန်တိုင်း၏ တိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အားလုံးတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများပြင်းပြင်းထန်ထန် ဖြစ်ပေါ်ခဲ့ကာ အဆောက်အအုံများပြိုကျခြင်း၊ အမိုးများလန်ခြင်း၊ သစ်ပင်များလဲကျခြင်း၊ လျှပ်စစ်ဓာတ်မီးတိုင်နှင့် ထရန်စဖော်မာများပြိုကျပျက်စီးခြင်း၊ မြေနိမ့်ပိုင်းဒေသများတွင် ရေကြီးရေလျှံခြင်း၊ တောင်ကျချောင်း ရေလျှံခြင်းစသည့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပွားခဲ့သည်။

**ဆောင်ရွက်ပေးသွားမည်**

မုန်တိုင်းကြောင့် ထိခိုက်ဆုံးရှုံးခဲ့ရသော စစ်တွေမြို့အပါအဝင်ဒေသအသီးသီးသို့ ပြည်နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ပြည်နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းများကို နိုင်ငံတော်အဆင့် သဘာဝဘေးစီမံခန့်ခွဲမှု ဗဟိုကော်မတီ၏ ဦးဆောင်မှုဖြင့် ဘေးသင့်ဒေသများရှိ ပြည်သူများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

# ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စစ်တွေမြို့သို့ ဌာနဆိုင်ရာတာဝန်ရှိသူများ စေလွှတ်

**နေပြည်တော် မေ ၁၅**

အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါသည် ယမန်နေ့က မြန်မာ့ကမ်းရိုးတန်းကို စစ်တွေမြို့အနီးမှ ဖြတ်ကျော်ခဲ့ပြီး မုန်တိုင်း ဝင်ရောက် တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

ထို့ကြောင့် ရခိုင်ပြည်နယ်သို့ အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေး ပစ္စည်းများ ပို့ဆောင်နိုင်ရေး စစ်တွေလေယာဉ်ကွင်းအား နေ့/ည အချိန်မရွေး အသုံးပြုနိုင်ရန် အတွက် ပြေးလမ်းမီး အပါအဝင် လိုအပ်သည်များ တပ်ဆင်နိုင်ရေး၊ ဆက်သွယ်မှုများ အမြန်ဆုံး ပြန်လည်ကောင်းမွန်စေရေးနှင့် သယ်ယူပို့ဆောင်မှုများ ချောမွေ့စွာ ဆောင်ရွက်ပေးနိုင်ရေးတို့အတွက် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၊ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး၊ မြန်မာ့မီးရထားနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတို့မှ ဌာနအကြီးအကဲများနှင့် တာဝန်ရှိသူအရာထမ်း/ အမှုထမ်း စုစုပေါင်း ၃၆ ဦးကို ယနေ့နံနက်ပိုင်းက မြန်မာအမျိုးသားလေကြောင်းဖြင့် စစ်တွေမြို့သို့ စေလွှတ်ခဲ့ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။



သတင်းစဉ်

# မြေပုံမြို့၌ မိုခါ မုန်တိုင်းကြောင့် အဆောက်အအုံများ၊ သစ်ပင်သစ်ကိုင်းများ၊ ဓာတ်မီးတိုင်များပြိုလဲကျိုးကျပျက်စီးပြီး လမ်းပိတ်ဆို့နေမှုများ ရှင်းလင်းဆောင်ရွက်

**မြေပုံ မေ ၁၅**

ရခိုင်ပြည်နယ် မြေပုံမြို့၌ မုန်တိုင်းတိုက်ခတ်မှုကြောင့် နေအိမ်နှင့်အဆောက်အအုံများ အမိုးလန်ခြင်း၊ သစ်ပင်သစ်ကိုင်းများ၊ ဓာတ်မီးတိုင်များ ပြိုလဲကျိုးကျပျက်စီးပြီး လမ်းပိတ်ဆို့မှုများဖြစ်ပေါ်နေခြင်းကို ယနေ့နံနက် ၈ နာရီက တာဝန်ရှိသူများက ရှင်းလင်းဆောင်ရွက်သည်။

**ရှင်းလင်းဆောင်ရွက်**

နယ်မြေခံတပ်နယ်မှ ဗျူဟာမှူး ဗိုလ်မှူးကြီးထွန်းခေါင် လမ်းညွှန်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခိုင်လင်းနိုင် ဦးဆောင်ကာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို နယ်မြေခံတပ်နယ်မှ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက လမ်းမီးတိုင်ပြိုလဲမှုများ၊ မီးကြိုးများ၌ သစ်ပင်သစ်ကိုင်းများ ပိနေမှုများနှင့် လမ်းမပေါ်သွားလာရေးလွယ်ကူစေရန် ခေါင်မိုးလန်အပျက်အစီးများ၊ သစ်ပင်သစ်ကိုင်းများကျိုးကျပြီး လမ်းပိတ်နေမှုများ၊ လမ်းပေါ်၌ ဒီရေလှိုင်းများဖြင့် တင်ကျန်ရစ်သောအမှိုက်များကို စုပေါင်းရှင်းလင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# တောင်ကုတ်မြို့နယ်၌ မုန်တိုင်းဘေးရှောင်ပြည်သူများကို နေရပ်သို့ပြန်လည်ပို့ဆောင်ပေးလျက်ရှိ

**တောင်ကုတ် မေ ၁၅**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်၌ မြို့ပေါ်ရှိ ဆိုင်ကလုန်းမုန်တိုင်းဘေးရှောင် ယာယီစခန်းများတွင် လာရောက်ခိုလှုံကြသည့် ပြည်သူများအား ယနေ့နံနက်ပိုင်းမှစ၍ ၎င်းတို့၏ နေရပ်များသို့ ပြန်လည်ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ပို့ဆောင်ပေးရာတွင် ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်လှိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇာနည်တိုးနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တောင်ကုတ်တပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် ရဲတပ်ဖွဲ့ဝင်များက မြို့ပေါ်ရှိ ယာယီခိုလှုံရာစခန်းများဖြစ်သည့် အာလိန်ငါးဆင့်ကျောင်းတိုက်၊ ဘုရားကြီးကျောင်းတိုက်၊ ဝိသုတာရာမကျောင်းတိုက်၊ ဝိသုဒ္ဓါရုံကျောင်းတိုက်၊ သဒ္ဓမ္မရောင်ရှိန်ကျောင်းတိုက်နှင့် အမ္ဗာရာမကျောင်းတိုက်များတွင် ယာယီခိုလှုံခဲ့ကြသည့် ငမောက်ချောင်းကျေးရွာအုပ်စု၊ အရှေ့ဘက်ကျေးရွာအုပ်စု၊ ကုလားရောင်ကျေးရွာအုပ်စုနှင့် ဖောင်းခါးကျေးရွာအုပ်စုများမှ ပြည်သူများအား ၎င်းတို့၏နေရပ်များသို့ ပြန်လည်ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

■

**ရေချွေတာရေး နည်းလမ်းများ**

- သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကိုဆေးကြောပါ။

# ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဝင်ရောက်တိုက်ခတ်မှုကြောင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ ရပ်ကွက်/ကျေးရွာများ၌ လူနေအိမ် ၈၆၄ လုံး၊ သာသနိက အဆောက်အအုံ ၁၁ လုံး၊ ဘုန်းတော်ကြီးကျောင်း ၁၆ ကျောင်း၊ စာသင်ကျောင်း ၆၄ ကျောင်း၊ ဆေးရုံ/ဆေးခန်း ၁၄ ခု၊ ဆက်သွယ်ရေးတာဝါတိုင် ခုနစ်ခု၊ လမ်းမီးတိုင် ၇၁ တိုင်၊ ဌာနဆိုင်ရာအဆောက်အအုံ ၃၈ လုံး ပျက်စီးခဲ့

**နေပြည်တော် မေ ၁၅**

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" (MOCHA)၏ အရှိန်ကြောင့် ဒီရေမြင့်တက်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက် ရေကြီးခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။

**ပျက်စီးဆုံးရှုံးခဲ့**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" မေ ၁၄ ရက်တွင် တိုက်ခတ်မှုကြောင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရပ်ကွက်/ကျေးရွာ ၄၄ ခု၌ လူနေအိမ် ၁၂ လုံး၊ သာသနိကအဆောက်အအုံ သုံးလုံး၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ စာသင်ကျောင်း သုံးကျောင်း၊ လေဆိပ်နားနေဆောင် တစ်လုံး၊ လမ်းမီးတိုင် ရှစ်တိုင်၊ ထရန်စဖော်မာ တစ်လုံးနှင့် အုတ်တံတိုင်း တစ်ခု ၊ ချင်းပြည်နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ ငါးခု၌ လူနေအိမ် နှစ်လုံး၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ ဌာနဆိုင်ရာ အဆောက်အအုံ နှစ်လုံး၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်/ကျေးရွာ ခုနစ်ခု၌ လူနေအိမ် တစ်လုံး၊ ဆက်သွယ်ရေးတာဝါတိုင် သုံးခု၊ လမ်းမီးတိုင် တစ်ခု၊ အုတ်တံတိုင်း သုံးခု၊ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ရပ်ကွက်/ ကျေးရွာ ၇၂ ခု၌ လူနေအိမ် ၁၁၃ လုံး၊ ဆက်သွယ်ရေး တာဝါတိုင် နှစ်လုံး၊ လမ်းမီးတိုင် တစ်လုံး၊ ဆိုင်းဘုတ် တစ်ခု၊ မကွေးတိုင်း ဒေသကြီးအတွင်းရှိ ရပ်ကွက်/ကျေးရွာ ၁၄ ခု၌ လူနေအိမ် နှစ်လုံး၊ လမ်းမီးတိုင် ကိုးခု၊ အုတ်တံတိုင်း သုံးခုနှင့် ဒေသခံပြည်သူများ၏ စိုက်ခင်း ၇၈ ခင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း၌ သာသနိက အဆောက်အအုံ လေးလုံး၊ ရခိုင်ပြည်နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ ၁၈၅ ခု၌ လူနေအိမ် ၅၈၈ လုံး၊ သာသနိကအဆောက်အအုံ သုံးလုံး၊ ဘုန်းတော်ကြီးကျောင်း ရှစ်ကျောင်း၊ စာသင်ကျောင်း ၂၅ ကျောင်း၊ ဆေးရုံ/ဆေးခန်း ကိုးလုံး၊ ဈေး တစ်ခု၊ ဆက်သွယ်ရေးတာဝါတိုင်တစ်ခု၊ လမ်းမီးတိုင် ခုနစ်ခု၊ ထရန်စဖော်မာ တစ်ခု၊ ဌာနဆိုင်ရာ အဆောက်အအုံ ၂၆ လုံး၊ အခြားပျက်စီးမှု ၁၈၁ ခု၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်/ကျေးရွာ ၃၅ ခု၌ လူနေအိမ် ၁၅ လုံး၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ စာသင်ကျောင်း လေးကျောင်း၊ ဆက်သွယ်ရေးတာဝါတိုင် တစ်ခု၊ လမ်းမီးတိုင် ၃၆ တိုင်၊ ထရန်စဖော်မာ တစ်လုံး၊ ဌာနဆိုင်ရာ အဆောက်အအုံ ခြောက်လုံး၊ ဘောလုံးကွင်း တစ်ကွင်းနှင့် ဧရာဝတီတိုင်း ဒေသကြီးအတွင်းရှိ ရပ်ကွက်/ကျေးရွာ ၁၁၄ ခု၌ လူနေအိမ် ၁၃၁ လုံး၊ သာသနိကအဆောက်အအုံ တစ်လုံး၊ ဘုန်းတော်ကြီးကျောင်း ငါးကျောင်း၊ စာသင်ကျောင်း ၃၂ ကျောင်း၊ ဆေးရုံ/ဆေးခန်း ငါးလုံး၊ လမ်းမီးတိုင် ကိုးတိုင်၊ ဌာနဆိုင်ရာ အဆောက်အအုံ သုံးလုံးတို့ ပျက်စီးဆုံးရှုံးခဲ့ကြောင်းနှင့် ဒေသခံပြည်သူ စစ်တွေမြို့ တစ်ဦး၊ တောင်ကုတ်မြို့ တစ်ဦး၊ ရေကြည်မြို့ တစ်ဦး စုစုပေါင်း သုံးဦး သေဆုံးခဲ့ပြီး ဒေသခံပြည်သူအချို့ ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်းနှင့် ရခိုင်ပြည်နယ်အတွင်းရှိ ကျောက်တော်မြို့၊ မြောက်ဦးမြို့၊ မင်းပြားမြို့၊ မြေပုံမြို့၊ ပုဏ္ဏားကျွန်းမြို့၊ ရသေ့တောင်မြို့၊ ပေါက်တောမြို့၊ ဘူးသီးတောင်မြို့နှင့် ချင်းပြည်နယ် ပလက်ဝမြို့ တို့တွင် အသေးစိတ် ထပ်မံစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့သည့် နေရာများ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အသင့်ပြင်ဆင်စုဖွဲ့ထားရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များက ပရဟိတ လူမှုကူညီရေးအသင်းအဖွဲ့များနှင့်အတူ ကူညီကယ်ဆယ်ရေးလုပ်ငန်း များ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

**သတင်းစဉ်**



မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်ရှိ မဟာမြတ်မုနိဘုရားကြီး ပြာသာဒ်ပျက်စီးခဲ့မှုကို တွေ့ရစဉ်။




























မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့သည့်နေရာများ၌ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့များ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိစဉ်။

# ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) ဝင်ရောက်တိုက်ခတ်မှုကြောင့် ညောင်ဦးမြို့နယ် ပုဂံဒေသရှိ သာသနိကအဆောက်အအုံအချို့ အနည်းငယ်ပျက်စီး၊ ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည့် မန်းရွှေစက်တော်ရာဘုရား(အောက်စက်တော်ရာ) ရေများပြန်လည်ကျဆင်း

နေပြည်တော် မေ ၁၅

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" (MOCHA)၏ အရှိန်ကြောင့် ဒီရေမြင့်တက်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက် ရေကြီးခြင်းများဖြစ်ပေါ်ခဲ့သည်။

**ဖြစ်ပေါ်ခဲ့**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" တိုက်ခတ်မှုကြောင့် မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်ရှိ မန်းရွှေစက်တော်ရာဘုရား (အောက်စက်တော်ရာ)အတွင်း မန်းချောင်းရေမြင့်တက်မှုကြောင့် ငါးပေခန့် ရေဝင်ရောက်ခြင်း၊ ညောင်ဦးမြို့နယ် ပုဂံဒေသရှိ ဓမ္မရာဇကဘုရားကြီး ရင်ပြင်တော်အုတ်ခုံ ပြိုကျခြင်း၊ ထီးလိုမင်းလို ဘုရား အရှေ့ဘက်မုခ်ဦး ပွဲ့ကျခြင်း၊ သဗ္ဗညုဘုရား အုတ်တံတိုင်း ပွဲ့ကျခြင်း၊ ရွှေဘုံသာစေတီတော် ပြိုကျ၍ ထီးတော်မြေခခြင်းများ ဖြစ်ပေါ်ခဲ့သည်။

**ပြန်လည်ကျဆင်း**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့သည့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် စေတီပုထိုးများအား ရှေးဟောင်းသုတေသနနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ပြုပြင်နိုင်ရေး လိုအပ်သည်များ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည့် မန်းရွှေစက်တော်ရာဘုရား (အောက်စက်တော်ရာ) ဘုရားမှာ ယခုအခါ ရေများ ပြန်လည်ကျဆင်းသွားပြီ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်





မန်းရွှေစက်တော်ရာဘုရား (အောက်စက်တော်ရာ) ရေများ ပြန်လည်ကျဆင်းနေသည်ကို တွေ့ရစဉ်။



လေပြင်းတိုက်ခတ်မှုကြောင့် ပုဂံ-ညောင်ဦးရှိ ထီးလိုမင်းလိုဘုရား အရှေ့ဘက်မုခ်ဦး ပွဲ့ကျမှုကို တွေ့ရစဉ်။

# ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) ဝင်ရောက်တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက လှူဒါန်းသည့် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်မှ လေယာဉ်/ရဟတ်ယာဉ်များဖြင့် စစ်တွေမြို့သို့ ပို့ဆောင်



နေပြည်တော် မေ ၁၅

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"(MOCHA) တိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အတွင်း ဘုရားစေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ လူနေအိမ်များ၊ ဌာနဆိုင်ရာ အဆောက်အအုံများ ပြိုကျပျက်စီးခြင်း၊ သစ်ပင်သစ်ကိုင်းများ လဲကျ၍ လမ်းများ ပိတ်ဆို့ခြင်း၊ ကားလမ်းများ ရေကျော်ခြင်း၊ လမ်းမီးတိုင်များ ပျက်စီးခြင်း၊ တာဝါတိုင်များ ပျက်စီးခြင်းနှင့် မြေပြိုခြင်းများ ဖြစ်ပေါ်ခဲ့သဖြင့် ဒေသခံပြည်သူများအနေဖြင့် ဘေးလွတ်ရာ မုန်တိုင်းဒဏ်ခံ ကာကွယ်ရေး အဆောက်အအုံ (Cyclone Shelter) များ၊ ယာယီခိုလှုံရာစခန်းများတွင် နေထိုင်လျက်ရှိသည်။

အဆိုပါ ဒေသခံပြည်သူများအတွက် တပ်မတော်(ကြည်း၊ရေ၊ လေ)မိသားစုများက လှူဒါန်းသည့် ဆန်အိတ် ၅၀၀၊ ဘီစကွတ်အထုပ်ကြီး ၄၂၅ အိတ်နှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များကို နေပြည်တော် လေဆိပ်မှ စစ်တွေမြို့သို့ တပ်မတော်လေယာဉ်ဖြင့် ပထမအကြိမ်အဖြစ်လည်းကောင်း၊ ဆန်အိတ် ၃၅၀၊ ဘီစကွတ် အထုပ်ကြီး ၃၂၅ အိတ်၊ ဆက်သွယ်ရေးပစ္စည်းများ၊ တပ်မတော်ဆေးအဖွဲ့များနှင့် ဆေးပစ္စည်းများကို ဒုတိယအကြိမ်အဖြစ်လည်းကောင်း၊ ရဟတ်ယာဉ်ဖြင့် ဘီစကွတ်အထုပ်ကြီး အိတ် ၁၄၀ နှင့် ဆန်အိတ် ၇၀ ကိုလည်းကောင်း ယနေ့နံနက်ပိုင်းတွင် ကူညီပို့ဆောင်ပေးခဲ့ရာ စစ်တွေလေဆိပ်တွင် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်းနှင့် သက်ဆိုင်ရာသို့ ဆက်လက်ဖြန့်ဝေသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**❋ ကျောဖုံးမှ**

အဖွဲ့များနှင့်အတူ မေ ၁၅ ရက် နံနက် ၉ နာရီခွဲတွင် အမှတ်(၆)ရေတပ်ဆိပ်ခံတံတား(ကျောက်ဖြူမြို့)မှထွက်ခွာခဲ့ရာ အမှတ် (၁၄)ရေတပ်ဆိပ်ခံတံတား(စစ်တွေမြို့)သို့ ယနေ့ ညနေ ၃ နာရီခွဲတွင်ရောက်ရှိခဲ့ပြီး သယ်ဆောင်လာသည့် ကြက်ဥ၊ ကြက်သား၊ ခေါက်ဆွဲခြောက်နှင့် ရေသန့်ဘူးများအား မုန်တိုင်းဒဏ်သင့်ပြည်သူများသို့ ပေးဝေခဲ့ပြီး ရသေ့တောင်ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ပို့ဆောင်သွားမည်ဖြစ်သည်။

အလားတူ စစ်ရေယာဉ်(မုတ္တမ)သည် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ငါးဦးစာ ရိက္ခာထုပ် အထုပ် ၆၀၀၀ (တန် ၆၀ ခန့်)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်အိတ် ၁၂၀၀၀ တန် ၆၀၀ ၊ တာပေါ်လင်လိပ် ၁၀၀၀(၃၇ တန်)၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးမှ ဆန် ငါးပြည်ဝင် အိတ် ၁၀၀၀၀ (၁၀၅ တန်ခန့်)၊ မြန်မာ့စီးပွားရေး ဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် အိမ်ရိုက်သံ ၃၅ တန်၊ သွပ် အချပ် ၄၀၀၀၀ (တန် ၁၆၀)၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ MPT Mobile ကားတစ်စီး (၅ တန်)၊ ဆက်သွယ်ရေးတာဝါတိုင်နှင့် ဆက်စပ်ပစ္စည်း ၁၇ တန် စုစုပေါင်း ၁၀၁၉ တန်ခန့်အား ဗိုလ်အောင်ကျော်ဆိပ်ကမ်းတွင်လည်းကောင်း၊ စစ်ရေယာဉ်(မဟာဗန္ဓုလ)သည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ ခေါက်ဆွဲခြောက် ၁၁၃ ဖာ၊ ဓာတ်ဆားထုပ် ၈၈၀၀ ထုတ်၊ ကြက်ဥ အလုံး ၅၀၀၀၊ ရေသန့်နှင့် အသား/ငါးများ၊ ငါးပိ ပိဿာ ၁၀၀ ၊ ငါးခြောက် ပိဿာ ၈၀၀၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ကြက်ဥ အလုံး ၁၀၀၀၀၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်အိတ် ၅၀၀ (၂၅ တန်) စုစုပေါင်း ၂၈ ဒသမ ၂ တန်ခန့်အား အမှတ်(၄) ရေတပ်ဆိပ်ခံတံတားတွင်လည်းကောင်း တင်ဆောင်လျက်ရှိပြီး ကူညီကယ်ဆယ်ရေးဆောင်ရွက်မည့် အဖွဲ့များအား တင်ဆောင်၍ မေ ၁၆ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ပို့ဆောင်ရန် ထွက်ခွာသွားမည်ဖြစ်သည်။

အဆိုပါ တပ်မတော်(ရေ)မှ စစ်ရေယာဉ်များပေါ်သို့ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ပစ္စည်းများ တင်ဆောင်နေမှုများကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ တပ်မတော်(ရေ)မှစစ်ရေယာဉ်များဖြင့် မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် လိုအပ်သော ကူညီထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်၍ ရခိုင်ပြည်နယ်ရှိ မုန်တိုင်းဒဏ်သင့်မြို့နှင့် ကျေးရွာများသို့ ဆက်လက်ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဗိုဗီနမ်(အားနစ်)အားကစားနည်းမှ ရွှေတစ်ခု၊ ငွေတစ်ခု၊ ကြေးနှစ်ခု၊ တိုက်ကွမ်ဒိုအားကစားနည်းမှ ရွှေတစ်ခု၊ ကြေးနှစ်ခု၊ ဘီလိယက်နှင့်စနူကာအားကစားနည်းမှ ရွှေတစ်ခု၊ ဂျူဒိုအားကစားနည်းမှ ငွေတစ်ခု၊ ကြေးနှစ်ခု၊ E-Sports အားကစားနည်းမှ ကြေးတစ်ခုနှင့် ရိုးရာလှေလှော်အားကစားနည်းမှ ငွေတစ်ခု၊ ကြေးနှစ်ခု ထပ်မံဆွတ်ခူးရရှိ

**ကမ္ဘောဒီးယား မေ ၁၅**

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများကို မြို့အသီးသီးရှိ အားကစားကွင်း/ အားကစားရုံများ၌ ကျင်းပလျက်ရှိရာ ယမန်နေ့ မွန်းလွဲပိုင်း ဒေသစံတော်ချိန် ၃ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Chroy Changvar Convention Center, Hall (A)၌ ဗိုဗီနမ်(အားနစ်) အမျိုးသား/ အမျိုးသမီးအားကစားပြိုင်ပွဲများကို ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး အမျိုးသား ၅၅-၆၀ ကီလို ဖော့တုတ်အတိုက်ပြိုင်ပွဲတွင် မြန်မာ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် ကမ္ဘောဒီးယား နိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာနိုင်ငံမှ မောင်စည်သူမောင်က ပထမ (ရွှေတံဆိပ်ဆု)၊ အမျိုးသမီး ၅၅ ကီလိုအောက် ဖော့တုတ်အတိုက်ပြိုင်ပွဲတွင် မြန်မာ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာနိုင်ငံမှ မမိုးမိုးအေးက ဒုတိယ(ငွေတံဆိပ်ဆု)၊ အမျိုးသမီး ၅၀-၅၅ ကီလို ဖော့တုတ်အတိုက်ပြိုင်ပွဲတွင် မြန်မာ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာနိုင်ငံမှ မသန္တာခိုင်နှင့် အမျိုးသား ၆၀-၆၅ ကီလို ဖော့တုတ်အတိုက်ပြိုင်ပွဲတွင် မြန်မာ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာနိုင်ငံမှ မောင်ဝိုင်းသက်အောင်တို့က တတိယ (ကြေးတံဆိပ်ဆု) တစ်ခုစီကို ရရှိခဲ့ကြသည်။




**တိုက်ကွမ်ဒိုအားကစားနည်း**

ထို့နောက် Chroy Changvar Convention Center, Hall (F) ၌ တိုက်ကွမ်ဒိုအားကစားနည်းမှ အမျိုးသား ၈၇ ကီလိုအထက် ပြိုင်ပွဲတွင် မြန်မာ၊ ကမ္ဘောဒီးယားနှင့် အရှေ့တီမောနိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာနိုင်ငံမှ မောင်ကျော်မင်းနိုင်က ပထမ(ရွှေတံဆိပ်ဆု)၊ အမျိုးသား ၇၄ ကီလိုအောက် ပြိုင်ပွဲတွင် ဗီယက်နမ်၊ ထိုင်း၊ မြန်မာ၊ ကမ္ဘောဒီးယားနှင့် စင်ကာပူနိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာနိုင်ငံမှ မောင်မြင့်ကိုကိုနှင့် အမျိုးသမီး ၇၃ ကီလိုအထက် ပြိုင်ပွဲတွင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာနိုင်ငံမှ မမိုးပွင့်ဖြူတို့က တတိယ(ကြေးတံဆိပ်ဆု)တစ်ခုစီ၊ Aeon Hall, Aeon Mall Sen Sok ၌ ဘီလိယက်နှင့်စနူကာ အားကစားနည်းမှ Men's 9 Ball Pool Doubles ဗိုလ်လုပွဲ ပွဲစဉ်တွင် မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာနိုင်ငံမှ မောင်မောင်(ခ)မောင်ဘုန်းမြင့်ကျော်နှင့် မောင်သော်ဇင်ထက်တို့အတွဲက ကိုးပွဲသုံးပွဲဖြင့် ပထမ (ရွှေတံဆိပ်ဆု)ကို ထိုက်ထိုက်တန်တန် ထပ်မံဆွတ်ခူးရရှိခဲ့ကြသည်။

အလားတူ ယမန်နေ့ ပြိုင်ပွဲများအဖြစ် Chroy Changvar Convention Center, Hall (C) ၌ ကျင်းပလျက်ရှိသည့် ဂျူဒိုအားကစားနည်းမှ အမျိုးသမီး ၅၇ ကီလို ပြိုင်ပွဲတွင် ဖိလစ်ပိုင်၊ မြန်မာ၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ မလေးရှား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာနိုင်ငံမှ မခြူးမြတ်နိုးဝေက ဒုတိယ(ငွေတံဆိပ်ဆု)၊ အမျိုးသမီး ၇၀ ကီလိုအောက် ပြိုင်ပွဲတွင် ကမ္ဘောဒီးယား၊ ထိုင်း၊ မြန်မာ၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာနိုင်ငံမှ မဖြိုးဆွေဇင်ကျော်နှင့် အမျိုးသား ၅၅ ကီလိုအောက် ပြိုင်ပွဲတွင် ဗီယက်နမ်၊ ထိုင်း၊ မြန်မာ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာနိုင်ငံမှ မောင်ထိုက်ထိုက်ကျော်တို့က တတိယ(ကြေးတံဆိပ်ဆု) တစ်ခုစီ၊ E-Sports အားကစားနည်းမှ Mobile Legends Game ပြိုင်ပွဲတွင် ဖိလစ်ပိုင်၊ မလေးရှား၊ မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ စင်ကာပူ၊ လာအိုနှင့် အရှေ့တီမောနိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာနိုင်ငံမှ မောင်မင်းကိုကို၊ မောင်ပြည့်ဖြိုးဟိန်းကို၊ မောင်ပြည့်စုံခန့်၊ မောင်စွမ်းထက်အောင်၊ မောင်ကျော်ဇင်ဘိုနှင့် မောင်ရဲနောင်ဦးတို့အတွဲက တတိယ(ကြေးတံဆိပ်ဆု)ကို ရရှိခဲ့ကြသည်။

**ရိုးရာလှေလှော်အားကစားနည်း**

ဆက်လက်ပြီး Perk Kampot, Kampot City, Kampot Province ၌ ရိုးရာလှေလှော်အားကစားနည်းမှ အသက် ၂၄ နှစ်အောက် အမျိုးသား/အမျိုးသမီး မီတာ(၅၀၀) ၁၂ ယောက်လှော် ပြိုင်ပွဲတွင် ဗီယက်နမ်၊ မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ထိုင်း၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာနိုင်ငံမှ မောင်မြတ်မင်းထွန်း၊ မောင်ဇော်ဇော်ထွန်း၊ မောင်ပြည့်ဖြိုးသန့်၊ မောင်မျိုးလှိုင်ဝင်း၊ မောင်စောကောင်းကောင်းစံ၊ မောင်းမျိုးဆွေ၊ မစုစုလွင်၊ မစိုးစိုးကျော်၊ မသီတာဦး၊ မဖြိုးဝေလွင်၊ မဖြူဖြူအောင်၊ မစိုးစန္ဒာ၊ မောင်အောင်ဖြိုးဟိန်းနှင့် မောင်သက်ပိုင်ဖြိုးတို့အတွဲက ဒုတိယ (ငွေတံဆိပ်ဆု)၊ အလွတ်တန်း အမျိုးသား မီတာ (၅၀၀) ၁၂ ယောက်လှော်ပြိုင်ပွဲတွင် အင်ဒိုနီးရှား၊ ထိုင်း၊ မြန်မာ၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ စင်ကာပူ၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာနိုင်ငံမှ မောင်အောင်ဖြိုးဟိန်း၊ မောင်ဟိန်းစိုး၊ မောင်ထူးထူးအောင်၊ မောင်ခန့်ဇော်အောင်၊ မောင်မင်းသူဟိန်း၊ မောင်မြင့်ကိုကို၊ မောင်နိုင်လင်းဦး၊ မောင်စောမိုးအောင်၊ မောင်ရှိုင်းဝေလင်း၊ မောင်သန်းဌေးအောင်၊ မောင်သန့်ဇင်ဦး၊ မောင်သက်နိုင်ဖြိုး၊ မောင်ယုယမောင်၊ မောင်ဇင်ကိုထက်တို့အတွဲက တတိယ(ကြေးတံဆိပ်ဆု)၊ အသက် ၂၄ နှစ်အောက် အမျိုးသားမီတာ(၅၀၀) ၁၂ ယောက်လှော်ပြိုင်ပွဲတွင် ထိုင်း၊ အင်ဒိုနီးရှား၊ မြန်မာ၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ စင်ကာပူ၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာနိုင်ငံမှ မောင်အောင်ဖြိုးဟိန်း၊ မောင်ခန့်ဇော်အောင်၊ မောင်မြတ်မင်းထွန်း၊ မောင်မျိုးလှိုင်ဝင်း၊ မောင်မျိုးဆွေ၊ မောင်ပြည့်ဖြိုးသန့်၊ မောင်ပြည့်စုံအောင်၊ မောင်စောကောင်းကောင်းစံ၊ မောင်စောနိုင်လင်းကျော်၊ မောင်တင်ကိုကို၊ မောင်ဇော်ဇော်ထွန်း၊ မောင်သက်ပိုင်ဖြိုး၊ မောင်မင်းသူဟိန်းနှင့် မောင်သက်နိုင်ဖြိုးတို့အတွဲက တတိယ(ကြေးတံဆိပ်ဆု) ရရှိခဲ့ကြသည်။

မေ ၁၄ ရက် ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ရိုးရာလှေလှော်၊ E-Sports၊ ပိုက်ကျော်ခြင်း၊ ခရစ်ကက်၊ ဘော်လီဘော၊ ဂျူဒို၊ ဘီလိယက်နှင့် စနူကာ၊ အလေးမ၊ တိုက်ကွမ်ဒိုနှင့် ဗိုဗီနမ်(အားနစ်) အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာနိုင်ငံမှ ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ်ကိုးခု ထပ်မံရရှိခဲ့ကြသည်။

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ယနေ့အထိ ရွှေတံဆိပ် အခု ၂၀၊ ငွေတံဆိပ် ၁၉ ခုနှင့် ကြေးတံဆိပ် ၅၈ ခု စုစုပေါင်း ဆုတံဆိပ် ၉၇ ခု ဆွတ်ခူးရရှိထားပြီး ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၅-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၀၀ | ၁၉၄၅ | ၁၉၄၀ | ၁၉၀၅ | ၁၉၄၅ | ၁၉၇၀ | ၁၉၅၅ | ၁၉၃၀ | ၂၀၃၀ | ၂၀၄၅ | ၁၉၃၅ | ၁၉၄၅ | ၁၉၈၅ | ၁၉၈၅ | ၁၉၈၅ | ၂၂၃၅ | ၂၈၁၀ |
| 95 Ron | ၁၉၈၅ | ၂၀၃၅ | ၂၀၃၅ | ၁၉၉၅ | ၂၀၃၅ | ၂၀၅၅ | ၂၀၄၀ | ၂၀၂၀ | ၂၁၂၀ | ၂၁၃၅ | ၂၀၂၅ | ၂၀၄၅ | ၂၀၇၀ | ၂၀၇၀ | ၂၀၇၅ | ၂၃၀၅ | ၂၈၈၅ |
| HSD (500 ppm) | ၁၈၅၀ | ၁၈၉၅ | ၁၈၉၅ | ၁၈၅၅ | ၁၈၉၅ | ၁၉၂၀ | ၁၉၁၅ | ၁၈၈၀ | ၂၀၀၀ | ၁၉၉၅ | ၁၈၉၀ | ၁၉၀၀ | ၁၉၃၅ | ၁၉၃၅ | ၁၉၃၅ | ၂၁၆၅ | ၂၆၀၀ |
| HSD (50 ppm) | ၁၉၃၀ | ၁၉၇၅ | ၁၉၇၅ | ၁၉၃၅ | ၁၉၇၅ | ၂၀၀၀ | ၁၉၉၅ | ၁၉၆၀ | ၂၀၈၀ | ၂၀၇၅ | ၁၉၇၀ | ၁၉၈၀ | ၂၀၁၅ | ၂၀၁၅ | ၂၀၁၅ | ၂၂၄၅ | ၂၆၃၀ |
| HSD (10 ppm) | ၁၉၃၀ | ၁၉၇၅ | ၁၉၇၅ | ၁၉၃၅ | ၁၉၇၅ | ၂၀၀၀ | ၁၉၉၅ | ၁၉၆၀ | ၂၀၈၀ | ၂၀၇၅ | ၁၉၇၀ | ၁၉၈၀ | ၂၀၁၅ | ၂၀၁၅ | ၂၀၁၅ | ၂၂၄၅ | ၂၆၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၉၆ | ၁၈၆၆ |
| 95 Ron | ၁၈၈၂ | ၁၉၅၃ |
| HSD (500 ppm) | ၁၇၅၂ | ၁၈၁၇ |
| HSD (50 ppm) | ၁၈၂၆ | ၁၈၉၂ |
| HSD (10 ppm) | ၁၈၂၆ | ၁၈၉၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၇၈၈၁၊ ၀၉-၆၉၇၆၁၁၁၆

၀၆၇- ၄၁၁၁၂၇၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဓာတ်ခွဲနမူနာစုစုပေါင်း ၉၀၄၄ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၂ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၅-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၄-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၅-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၀၄၄) ခုအား စစ်ဆေးပြီးစီးခဲ့ ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၈) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၅၁၉,၈၈၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၇,၃၂၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၂၆) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၁၆,၁၂၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိသေဆုံးသူ စုစုပေါင်း (၁၉,၄၉၄) ဦးရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## မြန်မာအမျိုးသားဘောလုံးအသင်း ယှဉ်ပြိုင်မည့် တတိယလုပွဲနှင့်အတူ ဗိုလ်လုပွဲအား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မေ ၁၅

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိသည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှ အမျိုးသားဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို မေ ၁၆ ရက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရုပ်သံလိုင်းများမှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်။

မွန်းလွဲ ၃ နာရီခွဲတွင် မြန်မာအမျိုးသားအသင်းနှင့် ဗီယက်နမ်အမျိုးသားအသင်းတို့၏ တတိယနေရာလုပွဲ ယှဉ်ပြိုင်မှုအား MRTV HD Channel၊ MRTV Sports Channel၊ MRTV Farmers' Channel၊ MRTV Parliament Channel၊ မြန်မာ့အသံရေဒီယိုနှင့် အွန်လိုင်းတို့မှလည်းကောင်း၊ ည ၇ နာရီတွင် အင်ဒိုနီးရှားအမျိုးသားအသင်းနှင့် ထိုင်းအမျိုးသားအသင်းတို့၏ ဗိုလ်လုပွဲယှဉ်ပြိုင်မှုအား MRTV Sports Channel၊ MRTV Farmers' Channel၊ MRTV Parliament Channel၊ မြန်မာ့အသံရေဒီယိုနှင့် အွန်လိုင်းတို့မှလည်းကောင်း တိုက်ရိုက် (Live) ထုတ်လွှင့်သွားမည်ဖြစ်သည်။

**သတင်းစဉ်**

## (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

၁၅-၅-၂၀၂၃ (ည ၁၀:၀၀ နာရီ)

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၂၃ | ၁၀၀ | ၉၈ | ၃၂၁ |
| ၂။ | ထိုင်း | ၉၄ | ၇၆ | ၉၃ | ၂၆၃ |
| ၃။ | အင်ဒိုနီးရှား | ၇၄ | ၆၇ | ၈၂ | ၂၂၃ |
| ၄။ | ကမ္ဘောဒီးယား | ၇၁ | ၆၈ | ၁၁၃ | ၂၅၂ |
| ၅။ | ဖိလစ်ပိုင် | ၅၁ | ၇၇ | ၁၀၃ | ၂၃၁ |
| ၆။ | စင်ကာပူ | ၄၅ | ၃၈ | ၅၇ | ၁၄၀ |
| ၇။ | မလေးရှား | ၃၀ | ၄၂ | ၈၅ | ၁၅၇ |
| ၈။ | မြန်မာ | ၂၀ | ၂၁ | ၆၄ | ၁၀၅ |
| ၉။ | လာအို | ၆ | ၂၀ | ၅၇ | ၈၃ |
| ၁၀။ | ဘရူနိုင်း | ၂ | ၁ | ၆ | ၉ |
| ၁၁။ | တီမောလက်စ်တေ | ၀ | ၀ | ၈ | ၈ |

## ဆီးဂိမ်း Arnis ပြိုင်ပွဲဒုတိယနေ့တွင် မြန်မာ Arnis အဖွဲ့ ငွေတစ်ခု၊ ကြေးသုံးခု ရရှိ

ရန်ကုန် မေ ၁၅

(၃၂) ကြိမ်မြောက် ဆီးဂိမ်း Arnis ပြိုင်ပွဲ ဒုတိယနေ့ကို မေ ၁၅ ရက်က ဆက်လက်ကျင်းပရာ မြန်မာ Arnis အဖွဲ့က ငွေတစ်ခု၊ ကြေးသုံးခု ထပ်မံရရှိခဲ့သည်။

မြန်မာ Arnis အဖွဲ့သည် ပြိုင်ပွဲဒုတိယနေ့တွင် ဆုတံဆိပ်လေးခု ရယူနိုင်ခဲ့ပြီး ငွေတံဆိပ်ဆုကို အမျိုးသမီး ဘင်တန်ဝိတ်တန်း ကြိမ်တုတ်ပြိုင်ပွဲတွင် မိုးမိုးအေးက ရယူနိုင်ခဲ့သည်။ မိုးမိုးအေးသည် ဗိုလ်လုပွဲတွင် ဖိလစ်ပိုင်ကစားသမား မာရီရာနှင့် တွေ့ဆုံခဲ့ပြီး အရေးနိမ့်ခဲ့သဖြင့် ရွှေတံဆိပ်ဆုနှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။ မြန်မာ Arnis အဖွဲ့အတွက် ကြေးတံဆိပ်ဆုများကို အမျိုးသား ဘင်တန်ဝိတ်တန်း ကြိမ်တုတ်ပြိုင်ပွဲတွင် ဝင်းသက်ပိုင်၊ အမျိုးသား လိုက်ဝိတ်တန်း ကြိမ်တုတ်ပြိုင်ပွဲတွင် လူမင်းဦး၊ အမျိုးသမီး လိုက်ဝိတ်တန်း ကြိမ်တုတ်ပြိုင်ပွဲတွင် သန္တာခိုင်တို့က ရယူနိုင်ခဲ့သည်။

မြန်မာ Arnis အဖွဲ့သည် ဒုတိယနေ့အပြီးတွင် ရွှေတစ်ခု၊ ငွေနှစ်ခု၊ ကြေးငါးခု ဆွတ်ခူးရရှိထားသည်။ ဆီးဂိမ်း Arnis ပြိုင်ပွဲ နောက်ဆုံးနေ့ကို မေ ၁၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**ကိုညီလေး**



## (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ပြီးပြန်လည်ရောက်ရှိလာသည့် မြန်မာအားကစားအဖွဲ့အား ဂုဏ်ပြုကြိုဆို

ရန်ကုန် မေ ၁၅

ကမ္ဘောဒီးယားနိုင်ငံတွင် မေ ၅ ရက်မှ ၁၇ ရက်အထိ ကျင်းပလျက်ရှိသည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာအားကစားအဖွဲ့သည် မေ ၁၄ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ အားကစား နှင့် ကာယပညာဦးစီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဂုဏ်ပြုကြိုဆိုကြသည်။

အဆိုပါ မြန်မာဝူရှူးအားကစားအဖွဲ့တွင် ရွှေတံဆိပ်ဆုရှင် စန္ဒီဦး၊ ငွေတံဆိပ်သုံးဆု၊ ကြေးတံဆိပ်သုံးဆုရရှိသည့် အားကစားသမားများနှင့် အုပ်ချုပ်သူ/နည်းပြများ စုစုပေါင်း ၂၀ ပြန်လည်လိုက်ပါလာကြသည်။

ထို့ပြင် ပြေးခုန်ပစ်အားကစားနည်း မီတာ (၁၀၀၀၀) အမျိုးသားပြိုင်ပွဲ၌ ကြေးတံဆိပ်ဆုရရှိခဲ့သည့် သန်းထိုက်စိုးနှင့်အတူ ပြေးခုန်ပစ်အားကစားသမား ကိုးဦး၊ ပီတန်းအားကစားသမား ခြောက်ဦး၊ တင်းနစ် အားကစားသမားကိုးဦးတို့သည် ည ၇ နာရီ မိနစ် ၂၀တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင် မြန်မာဘောလုံးအသင်းများအား ဆုချီးမြှင့်မည်

နေပြည်တော် မေ ၁၅

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို မေ ၅ ရက်မှ ၁၇ ရက်အထိ ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံမှ အားကစားအဖွဲ့များ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

**ဒေါ်လာ ၅၀၀၀၀ ချီးမြှင့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာအမျိုးသား ဘောလုံးအသင်း တတိယဆုရရှိပါက အမေရိကန်ဒေါ်လာ ၅၀၀၀၀ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်သည်။ မြန်မာအမျိုးသမီး ဘောလုံးအသင်းကိုလည်း ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည့်အတွက် အမေရိကန်ဒေါ်လာ ၅၀၀၀၀ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်သည်။

မြန်မာအမျိုးသား ဘောလုံးအသင်းသည် ဆီမီးဖိုင်နယ်ပွဲတွင် ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရာတွင် ၃ ဂိုး – ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ မေ ၁၆ ရက်တွင် တတိယနေရာလုပွဲအဖြစ် ဗီယက်နမ်အသင်းနှင့် မြန်မာအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့**

မြန်မာအမျိုးသမီး ဘောလုံးအသင်းသည် ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ထိုင်းအသင်းကို ၄ ဂိုး–၂ ဂိုးဖြင့်လည်းကောင်း၊ လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းက အိမ်ရှင်ကမ္ဘောဒီးယားအသင်းကို ၄ ဂိုး – ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အံ့ဖွယ်စွမ်းဆောင်မှုနှင့်အတူ နှစ်ဂိုးအရှုံးမှ လေးဂိုးပြန်သွင်းကာ ထိုင်းအသင်းကို အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

**သတင်းစဉ်**

### ✪ ဆီးဂိမ်း အမျိုးသမီးမှ

မြန်မာအမျိုးသမီးအသင်းနည်းပြချုပ် ယုကီသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး မျိုးမြမြငြိမ်း (ဂိုး)၊ မိုးမမစိုး၊ ဇွန်ယုယဦး၊ ဖြူဖြူဝင်း၊ နော်ထက်ထက်ဝေ၊ လင်းမြင့်မိုရ်၊ ရူပါခိုင်၊ မေသက်မွန်မြင့်၊ ပုံ့ပုံ့ပြည့်မောင်၊ ခင်မာလာထွန်း၊ ဝင်းသိင်္ဂီထွန်းတို့ကို အသုံးပြုခဲ့သည်။ ဗီယက်နမ်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၁၁ မိနစ်တွင် မြန်မာအသင်း ခံစစ်လူကျွံ ထောင်ချောက်ကို ကျော်ဖြတ်ပြီး အသင်းခေါင်းဆောင် ဟူရန်ချူက အဖွင့်ဂိုးစတင်သွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရပြီး မိနစ်အနည်းငယ်အကြာတွင် မြန်မာအသင်းက အဓိကကစားသမားနှစ်ဦးဖြစ်သည့် ခင်မိုမိုထွန်းနှင့် စန်းသော်သော်ကိုထည့်ကာ တိုက်စစ်အပြောင်းအလဲပြုလုပ်ခဲ့သည်။ မြန်မာအသင်းသည် ချေပဂိုးရရန် တောက်လျှောက်ကြိုးပမ်းခဲ့သော်လည်း ဗီယက်နမ်အသင်း ခံစစ်ကို မကျော်နိုင်ခဲ့ပေ။ ဒုတိယပိုင်းတွင် မြန်မာအသင်း ဂိုးရနိုင်သည့် အခွင့်အရေးအချို့ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့သဖြင့် နစ်နာခဲ့ရသည်။ ဗီယက်နမ်အသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ၇၅ မိနစ်တွင် ထရန်နာက သွင်းယူခဲ့သည်။

ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲအပြီးတွင် ဗီယက်နမ်အသင်းက ရွှေတံဆိပ်ဆုကို လေးကြိမ်ဆက်တိုက်ရရှိခဲ့ပြီး မြန်မာအသင်းက ငွေတံဆိပ်၊ ထိုင်းအသင်းက ကြေးတံဆိပ်ရရှိခဲ့သည်။ ဗီယက်နမ်အသင်းသည် ဆီးဂိမ်းရွှေတံဆိပ်ဆုကို ရှစ်ကြိမ်မြောက် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

**သတင်း– ရှိုင်းထက်ဇော်၊ ဓာတ်ပုံ –MFF**

## ဆီးဂိမ်း အလေးမပြိုင်ပွဲတွင် မြန်မာ ကြေးတံဆိပ်တစ်ခု ထပ်မံရရှိ

ရန်ကုန် မေ ၁၅

(၃၂) ကြိမ်မြောက် ဆီးဂိမ်း အလေးမပြိုင်ပွဲ တတိယနေ့ကို မေ ၁၅ ရက်က ဆက်လက်ကျင်းပရာ မြန်မာအလေးမအဖွဲ့ ကြေးတံဆိပ်တစ်ခု ထပ်မံရရှိခဲ့သည်။

ပြိုင်ပွဲတတိယနေ့တွင် ကီလိုတန်းသုံးခု ကျင်းပခဲ့ပြီး မြန်မာအလေးမအဖွဲ့သည် အမျိုးသား ၈၁ ကီလိုတန်း တစ်ခုတွင်သာ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အင်ဒိုနီးရှားကစားသမား အာဝင်အဗ္ဗဒူလာက ရွှေတံဆိပ်၊ ထိုင်းကစားသမား ချင်နာဝမ်က ငွေတံဆိပ်၊ မြန်မာမှ သီဟအောင်က ကြေးတံဆိပ်ရရှိခဲ့သည်။ မြန်မာအလေးမအဖွဲ့သည် မေ ၁၅ ရက် ပွဲစဉ်များအပြီးထိ ရွှေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခု ရရှိထားပြီး ပြိုင်ပွဲနောက်ဆုံးနေ့ကို မေ ၁၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။




ကြေးတံဆိပ်ဆုရ သီဟအောင်နှင့်အတူ ပထမ၊ ဒုတိယဆုရရှိသူများကို တွေ့ရစဉ်။

**သတင်း– ကိုညီလေး**
**ဓာတ်ပုံ – MWF**

**အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၁၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကောင်းပင်စည်ကျေးရွာနေ လင်းဇော်အောင်သည် ၎င်းအသုံးပြုသည့် “Linn Zaw Aung” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဆိုင်ကလုန်းမုန်တိုင်း “မိုခါ” တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်သုံးဦး အုတ်နံ့ရံပြိုလဲခြင်းကြောင့် သေဆုံး

နေပြည်တော် မေ ၁၅

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သည့် အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “မိုခါ” ၏ အရှိန်ကြောင့် ဒီရေမြင့်တက်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုခြင်း၊ ကမ်းပါးပြိုခြင်း၊ လမ်းမီးတိုင်များ လဲကျခြင်း၊ သစ်ပင်သစ်ကိုင်းလဲကျခြင်းများဖြစ်ပေါ်ခဲ့သဖြင့် တပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအသင်းအဖွဲ့များနှင့်အတူ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ မေ ၁၄ ရက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့နယ်၌ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနေစဉ် အုတ်နံ့ရံပြိုလဲခြင်းကြောင့် နယ်မြေခံတပ်မှ လုံခြုံရေးတပ်ဖွဲ့ဝင် အရာရှိ တစ်ဦးနှင့် စစ်သည် နှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် မေ ၁၅

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင်FM၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“ပြည်သူများ၏ အသက်ကိုသာမက စားဝတ်နေရေးကိုပါ ထိခိုက်ပျက်စီးအောင် လုပ်ဆောင်နေသော PDF တို့၏အကြမ်းဖက်လုပ်ရပ်များ”** ခေါင်းစဉ်ဖြင့် မေ ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ်ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“မုန်တိုင်းအန္တရာယ်မှကင်းဝေးအောင် ပြောင်းရွှေ့ပေးနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များအား PDF အမည်ခံ အကြမ်းဖက်သမားများက ချောင်းမြောင်းပစ်ခတ်သည့်ဖြစ်စဉ်”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## သထုံမြို့နယ်၌ စက်မှု၊ စိုက်ပျိုးနှင့် မွေးမြူရေး အထက်တန်းကျောင်း ဝင်ခွင့်လျှောက်လွှာများ လက်ခံ



သထုံ မေ ၁၅

မွန်ပြည်နယ် သထုံမြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်မည့် စက်မှု၊ စိုက်ပျိုးနှင့် မွေးမြူရေး အထက်တန်းကျောင်း တက်ရောက်နိုင်ရေးအတွက် ဝင်ခွင့်လျှောက်လွှာများကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ထုတ်ပေးလျက်ရှိရာ တက်ရောက်လိုသည့် ကျောင်းသား ကျောင်းသူများ လာရောက် ထုတ်ယူအပ်နှံကြလျက်ရှိကြောင်း သိရသည်။

“ကျောင်းသားတွေကို ဘာသာရပ်အလိုက် သုံးမျိုးခွဲပြီး လက်ခံထားတာပါ။ ကျွန်တော်တို့ လျှောက်လွှာတွေကို မေ ၆ ရက်ကနေ ၁၇ ရက်အထိ လက်ခံပြီးတော့ ၁၈ ရက်မှာ လျှောက်လွှာပိတ်မှာပါ။ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှာ Grade -9 အောင်မြင်သူတွေကို တက်ရောက်ခွင့်ပြုတာပါ”ဟု စက်မှု၊ စိုက်ပျိုးနှင့် မွေးမြူရေး အထက်တန်းကျောင်း (သထုံ) တာဝန်ခံဆရာကြီး ဦးကျော်မင်းကပြောသည်။

**အသိပညာပေးဆွေးနွေး**

အဆိုပါ အထက်တန်းကျောင်း၌ ပညာဆက်လက်သင်ယူနိုင်သည့် အခွင့်အလမ်းများကို ပြည်သူများ အနေဖြင့် ကျယ်ပြန့်စွာ သိရှိနိုင်ရေးအတွက်အခြေခံပညာကျောင်းများတွင် အသိပေးပိုစတာများ ချိတ်ဆွဲပြသခြင်း၊ ကျောင်းသားမိဘများနှင့် အသိပညာပေးဆွေးနွေးခြင်းများကို ဖေဖော်ဝါရီလမှစတင်ကာ စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ကြောင်းနှင့် အဓိကဘာသာရပ်ကြီး သုံးခုအနက် စက်မှုဘာသာရပ်တွင် ကျောင်းသား ကျောင်းသူ ၉၀၊ စိုက်ပျိုးရေးဘာသာရပ်တွင် ၃၀၊ မွေးမြူရေးဘာသာရပ်တွင် ၃၀ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၅၀ ကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် လက်ခံ သင်ကြားပေးနိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊သမိုင်း(၁)ရပ်ကွက်၊ မြို့ဟောင်း(၇)လမ်း၊ အမှတ်(၄၇၉)၊ နှစ်ခန်းတွဲ RC(၆)ထပ်တိုက်မှ ပထမထပ်(၂-လွှာ)၊ (တိုက်မျက်နှာမူ လက်ဝဲဘက်အခန်း)ဧရိယာ(၅၇၆)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွရေမီးအပါ အဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးမျိုးအောင် [၁၂/ကမရ(နိုင်) ၀၀၃၇၂၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နှင်းအိခိုင် [၁၂/လကန(နိုင်)၂၃၇၀၃၄]မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက် ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နှင်းအိခိုင် ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး LL.B,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၆၄)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်(Star City)၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph-09-450023651,09-793568375**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၂/တောင်)ရပ်ကွက်၊ မာန်ပြေ(၅)လမ်း၊ အမှတ်(၂၇)၊ တစ်ခန်းတည်း RC(၆)ထပ်တိုက်မှ စတုတ္ထထပ်(၅-လွှာ)၊ ဧရိယာ(၉၇၂) စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား လုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည် ဟုဝန်ခံကတိပြုသူ ဒေါ်ဝသုန်ဖြိုး [၁၄/ပသန(နိုင်)၂၀၇၇၃၈]ထံမှကျွန်ုပ်၏မိတ်ဆွေ ဦးလေးအောင် [၁၂/လမတ(နိုင်)၀၂၇၆၉၅]၊ ဒေါ်သီတာကျော် [၁၂/လသန (နိုင်)၀၂၀ ၇၁၈]တို့မှ အပြီးအပြတ် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာ ရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက် မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးလေးအောင်နှင့် ဒေါ်သီတာကျော်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး LL.B,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်(Star City)၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph-09-450023651,09-793568375**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာ

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ငမိုးရိပ်)၊ မြေကွက်အမှတ် (၂၂၂)၊ ဧရိယာ (၁၂၅၀) စတုရန်းပေရှိ မြေကွက်ပေါ်၌ ဆောက်လုပ်ထားသော (၆) ထပ်တိုက်၏ အပေါ်ဆုံးအထပ် (၆)လွှာ (ခြေရင်းခန်း) ဧရိယာ အကျယ်အဝန်း (၁၁ ပေခွဲ x ၄၈ ပေ) ရှိ ရေ၊ မီးအစုံ တိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ကန်ထရိုက်တာ ဦးမြင့်အောင် [၁၂/သခန(နိုင်)၀၀၆၇၆၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အရစ်ကျဖြင့် အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ် တန်ဖိုးငွေများအနက်မှ ပေးချေရမည့် အရစ်ကျ တန်ဖိုးငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာ ပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄)ရက်ပြည့်မြောက် သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်ပိုင်ကို (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၆၂)**
**အမှတ် (၂၈၈)၊ စံပယ်မြိုင် (၄)လမ်း၊ ၁၇-ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း ၀၉-၂၅၄၆၀၈၅၉၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁၂) ရပ်ကွက်၊ ၁၀/တောင်၊ ဘုရားလမ်း၊ အမှတ်-၆၈၁/ခ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၆) ထပ်တိုက်အဆောက် အဦရှိ တတိယထပ် (၄) လွှာ၊ တိုက်ခန်း (၁) ခန်း အပါအဝင် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော လျှပ်စစ်မီတာတို့နှင့်အတူ အကျိုးခံစားခွင့်အရပ်ရပ်တို့ အား မိမိကိုယ်တိုင်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ **ဦးစောလင်း [၁၄/လပတ(နိုင်)၁၁၈၆၂၅]** ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်း၏ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက် လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာချုပ် စာတမ်း အထောက်အထားများ ယူဆောင်၍ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်း၏ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးမောင်မောင်သူရ (မြောင်းမြ)** | **ဦးဇေယျာထွန်း (LL. B)** |
| **LL. B, A.G.T.I (EP), D.B.L, D.M.L** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၃၂)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၀၈)** | |
| **ဒေါ်ချယ်ရီလှိုင် (LL.B)** | **ဦးစိုးလွင်ဦး (LL. B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၆၁)** | **အထက်တန်းရှေ့နေ (စဉ်-၃၇၉၈၁)** |

**အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၅၁၈၄၀၄၂၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁၊**
**၀၉-၄၂၅၂၈၇၁၃၄**

## အမည်ပြောင်း

ရန်ကုန်တိုင်း ဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့နယ်၊ မြိုင်သာယာ(၃) ကျေးရွာနေ အဖ ဦးမြင့်ဦး၊ အမိ ဒေါ်သီတာမြင့်တို့၏သား မောင်အုံ့မင်းဇေယျ [၁၂/ကတန(နိုင်) ၁၃၀၇၀၉] အား ယနေ့မှစ၍ မောင်အုံ့မင်းဇေဟု အမည်ပြောင်းလဲ ခေါ်ဆိုပါရန်။ **မောင်အုံ့မင်းဇေ**
**[၁၂/ကတန(နိုင်)၁၃၀၇၀၉]**

## ပတ်စ်ပို့ပျောက်

ကျွန်မ မလှိုင်ချယ်နန်း [၁/ပတအ(နိုင်)၀၆၅၆၅၄] ၏ ပတ်စ်ပို့နံပါတ်(MC-887868) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၇၅၅၈၄၂၅၃**

## အမည်ပြောင်း

ဦးထွန်းထွန်း၏သား ကုလားဝဲ ကျေးရွာ သန်လျင်မြို့နယ် EFG အင်တာနေရှင်နယ်ကျောင်း P2မှ မောင်တေဇာလင်းအား ယနေ့မှစ၍ မောင်ထွန်းဇေယျာလင်း ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ထွန်းဇေယျာလင်း**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ကူးမာရ် [၁/မကန(နိုင်)၁၀၆၃၉၇]၏ ပတ်စ်ပို့နံပါတ်(MD-513771) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၇၅၂၈၅၂၈၀၈**

## ပတ်စ်ပို့ပျောက်

ကျွန်မ မဆိုင်းဒင့်အောင် [၁/မကန(နိုင်)၂၁၉၁၀၉]၏ ပတ်စ်ပို့နံပါတ်(MG-996788) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၄၂၅၉၃၁၃၃၅**

## ပတ်စ်ပို့ပျောက်

ကျွန်မ မကြည်ခိုင်[၁/မမန (နိုင်)၀၅၂၇၈၀]၏ပတ်စ်ပို့ နံပါတ်(MC-202350) မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၄၀၀၁၄၀၈၁၂**

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ဖန်ရာ[၁/မကန (နိုင်)၁၃၆၀၃၅]၏ပတ်စ်ပို့ နံပါတ်(MH-169559) မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၂၅၇၃၈၂၄၆၅**

## သွေးသည် အသက်

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အောင်သိဒ္ဓိလမ်း၊ Royal Theikdi Condominium၊ တိုက်ခန်းအမှတ်(6-D)၊ (၁၀၅၄) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းတိုက်ခန်းအတွင်းရှိ ရေမီးအစုံအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချ ပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်နန်းဆွတ်ခမ်း[၁၃/ကတန(နိုင်)၁၁၈၃၄၃]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသိန်းနိုင် (LL.B)** | **ဦးမြတ်သန်းကျော်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၄၆၈၉/၁၉၈၈)** | **အထက်တန်းရှေ့နေ(စဉ်-၄၈၈၆၆/၂၀၁၇)** |

**အမှတ်-၁၂၈/၁၃၀၊ ပထမထပ်၊ (၃၅)လမ်း၊ (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၈၁၆၅၈၊ ၀၉-၂၅၀၁၅၅၆၈၅**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ (၁၃၅ရပ်ကွက်)၊ အင်းဝလမ်း၊ မြေကွက်အမှတ် (၄၆၉) အကျယ်အဝန်း (အလျား ၄၀ ပေ x အနံ ၆၀ပေ)ရှိနှင့် ဦးအောင်ကြီး အမည်ပေါက် ပါမစ်မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ မြေကွက်အပါအဝင် အကျိုးခံစားခွင့်များအားလုံးကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်ကြီး [၁၂/သဃက(နိုင်)၀၉၄၁၉၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သီတာအေး [၉/မထလ (နိုင်)၁၀၀၃၆၉] က အပြီးအပိုင်ဝယ်ယူ ရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ဤ ကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှု အထောက် အထား (မူရင်း) များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးပြည့်ဖြိုးသူ ( LL.B )**
**အထက်တန်းရှေ့နေ (စဉ်-၄၆၁၄၀)**
**အမှတ်( ၅၈)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၄၄၉၈၆၈**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ် ၁၈၄/၁၈၆၊ (၈)လွှာ၊ တိုက်ခန်းကို ဒေါ်သန္တာမြင့်ရွှေ [၁၂/တမန(နိုင်) ၁၃၅၈၆၈] သည် တရားဝင် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆို၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် တိုက်ခန်းဖိုး၏စရန်ငွေ အချို့အဝက်အား ပေးချေခဲ့ပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းအရောင်းအဝယ် ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါလျှင် ဤသတင်းစာကြော်ငြာပါရှိသည့် နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးမြတ်မွန် (စဉ်-၉၄၄၃/၂၀၁၃)** | **ဦးချန္ဒရာ (စဉ်-၁၀၆၂၉/၂၀၁၆)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၅၀)၊ အခန်း စီ-၁၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၁၃၇၈၊ ၀၉-၉၆၅၁၆၁၃၇၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၇၊ မြေကွက်အမှတ်-၅၉၄၊ (အလျား ၄၀ပေx အနံ ၆၀ပေ)၊ (၂၄၀၀)စတုရန်းပေ၊ ဧရိယာ(၀.၀၅၅)ဧကအကျယ်ရှိ ဒေါ်ငွေငွေစိန် အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များအားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်ထားပြီး စီမံခန့်ခွဲရောင်းချပိုင် ခွင့်ရှိကြောင်းဝန်ခံသူ ဒေါ်သင်းပြည့်စုံ[၁၂/ဒဂတ(နိုင်)၀၆၅၅၆၀]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူမည်ဖြစ်သဖြင့် စရန်ငွေတစ်စိတ် တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါ သည့်နေ့မှ(၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေကွက်အရောင်း အဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်မြတ်သီတာအောင် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၅၁)**
**အမှတ်(၁၃၂)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၀၂၁၇၇၊ ၀၉-၇၉၉၂၅၈၂၀၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ဗိုလ်မင်း ရောင်အိမ်ရာ၊ တိုက်အမှတ်(B-1)၊ အခန်းအမှတ်(၁၀၃)၊ အကျယ်အဝန်း (၆၃၃ စတုရန်းပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ် အား ဒေါ်စုစုတင် [၁၂/သလန(နိုင်)၀၆၄၈၈၂]အမည်ပေါက်ပြီး ယင်းအမည် ပေါက်ထံမှ ဝယ်ယူပိုင်ဆိုင်ထားကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိ ကြောင်း ဝန်ခံသူ ဦးဝင်းညွှန့် [၁၂/ရကန(နိုင်)၀၁၆၈၂၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤ ကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံး သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဒေါ်အိသီရိကြူ LL.B , M.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၃၃)**
**အမှတ်(၃၇)၊ အနော်ရထာလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၁၆၃၄၀၅**

## "အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ ဝေဘာဂီ)၊ လူနေရပ်ကွက်အမှတ်-ဝေဘာဂီအိမ်ရာ၊ မြေကွက်အမှတ် (၄၄၆)၊ မြေ အမျိုးအစား နှစ်(၆၀)မြေငှားစာချုပ် အလျား ၃၁ ပေ/ ၇၂ ပေ၊ အနံ ၉၂ ပေ/ ၁၂၅ ပေ၊ ဧရိယာ (၅၂၂၈ စတုရန်းပေ)၊(၀.၁၂၀ဧက)ရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၅)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၁၂၂)၊ ဝေဘာဂီလုံးချင်းအိမ်ရာဟုခေါ်တွင်သော မြေနှင့်အိမ် သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံ ခန့်ခွဲမှု (မြေယာဌာန)၏ မြို့မြေစာရင်းတွင် ဒေါ်စန္ဒီလှ [၉/ရမသ(နိုင်)၀၀၄၀၀၀] အမည်ဖြင့် မှတ်သားတည်ရှိပြီး၊ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု သဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက် လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထား(မူရင်း) အပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါအရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ခင်ယုယုလှိုင်** | **ဒေါ်ချိုနွယ်ဦး (LL.B, D.B.L)** |
| **[၁၀/မလမ(နိုင်)၁၉၇၅၈၁]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၁၀)** |

**အမှတ်(၂/၁၉၄)၊ ၄လွှာ၊ ပတ္တမြားလမ်း၊**
**ဝေဘာဂီမြို့သစ်၊မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၆၆၀၅၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၈) ပေါ်တွင် တည်ဆောက်ထားသော (၂)ခန်းတွဲ(၆)ထပ်တိုက်၏(၅)လွှာ၊ ခေါင်းရင်း ခန်း(၁)ခန်းနှင့်ရေ မီးမီတာ တိုက်ခန်းတွင်းရှိစွဲကပ်ထားသော ပစ္စည်းများအပါ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေရှင်ဖြစ်သူ ဦးစံသိန်း [၁၂/ကမရ (နိုင်)၀၃၄၆၇၄]ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီးရောင်းချပိုင်ခွင့် ရှိသူများဖြစ်ကြသော ဦးမျိုးသင်း[၉/မခန(နိုင်)၁၉၄၄၇၃]နှင့် ဒေါ်သန်းသန်း လှိုင်[၁၂/ဥကမ(နိုင်)၁၇၇၇၅၆]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြဝတ်ရည် [၁၂/ကမရ(နိုင်)၀၆၂၉၁]က အပြီးအပြတ်ငွေပေးချေ၍ ဝယ်ယူပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်နှင့်တိုက်ခန်းပိုင်ရှင်ထံသို့ ပိုင်ဆိုင်မှုအထောက် အထားစာရွက်မူရင်းများကို ကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါကအရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်း ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းမြင့် LL.B,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၇၄)**
**၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၆၇၆၈၃၂၀၄၊ ၀၉-၄၅၀၂၇၉၄၆၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းမတော်လမ်းနှင့် ကမ်းနားလမ်း ထောင့်၊ ညောင်ပင်လေးဈေးပလာဇာ၊ Block - B၊ ၅-လွှာ၊ အခန်းအမှတ် (၅၀၁)၊ (၅၀၃)၊ (၂)ခန်းတွဲ၊ တိုက်ခန်း အပါအဝင် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော လျှပ်စစ်မီတာတို့နှင့်အတူ အကျိုးခံစားခွင့်အရပ်ရပ်တို့ အား မိမိကိုယ်တိုင်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ **ဦးမျိုးအောင် [၁၂/လမတ (နိုင်) ၀၂၁၀၇၄] (MME-581703)** ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်း၏ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက် လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ် စာတမ်း အထောက်အထားများယူဆောင်၍ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်း၏ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးမောင်မောင်သူရ (မြောင်းမြ)** | **ဦးဇေယျာထွန်း (LL. B)** |
| **LL. B, A.G.T.I (EP), D.B.L, D.M.L** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၃၂)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၀၈)** | |
| **ဒေါ်ချယ်ရီလှိုင် (LL.B)** | **ဦးစိုးလွင်ဦး (LL. B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၆၁)** | **အထက်တန်းရှေ့နေ (စဉ်-၃၇၉၈၁)** |

**အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၅၁၈၄၀၄၂၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁၊**
**၀၉-၄၂၅၂၈၇၁၃၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇-H- နံ့သာကုန်း)၊ မြေကွက် အမှတ်(၉/A- ၁ᵐ)၊ ဧရိယာ(၀.၀၈၇ဧက)ရှိ B(အိမ်ရာမြေ)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၅၉/ခ)၊ လမ်း သစ်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်ဟုခေါ်တွင်သည့် မြေနှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ပြမြေစီမံခန့်ခွဲမှုဌာန တွင် အမည်ပေါက်ပိုင်ဆိုင်ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိ ကြောင်း ဝန်ခံသူများဖြစ်သည့် ဦးသန်းထွန်း [၁၂/အစန(နိုင်)၀၂၉၂၉၁] နှင့် ဒေါ်ခင်ခင်ဝင်း [၁၂/အစန(နိုင်)၀၂၉၂၉၂]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာရွက် စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေ နှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဒေါ်အိသီရိကြူ LL.B , M.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၃၃)**
**အမှတ်(၃၇)၊ အနော်ရထာလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၁၆၃၄၀၅**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ ရိပ်သာရပ်ကွက်၊ ရန်ကင်းဘုရား လမ်း၊ သုခမ္မာလမ်းသွယ်၊ ခြံအမှတ်(၅၄) အရှေ့အရပ်လားသော် ဦးသဲအောင် အိမ်ခြံ၊ အနောက်အရပ်လားသော် ဦးနိုင်ဝင်း အိမ်ခြံ၊ တောင်အရပ်လားသော် ဒေါ်သီ အိမ်ခြံ၊ မြောက်အရပ်လားသော် မြေကွက်လွတ် စသည့် အလားလေး ရပ်အတွင်းရှိ ဧရိယာ ပေ(၅၀)xပေ(၁၀၀) ရှိ ခြံမြေကွက်နှင့် ယင်းမြေပေါ်၌ တည်ဆောက်ထားသော (၄၃)ပေx(၇၅)ပေ RC (၁)ထပ်တိုက် အဆောက်အဦ အပါအဝင် ၎င်းမြေကွက်၏အနောက်ဘက်တစ်ဆက်တည်းရှိ မြေပို(၃၀) ပေx(၃၀)ပေမြေကွက်တို့ကို လက်ဝယ်ထားရှိ ပိုင်ဆိုင်သူဟု အဆိုပြုဝန်ခံသည့် လှည်းကူးမြို့နယ်၊ ကျောက်ကုဒင်ကျေးရွာနေ ဦးကျော်သူရ (ဘ)ဦးဖေသောင်း [၁၂/လမန(နိုင်)၁၄၆၁၀၄]ထံမှ လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေ က စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စ အပေါ် ကန့်ကွက်လိုသူများရှိပါက ၎င်းမြေ၊ အဆောက်အဦနှင့်စပ်လျဉ်း၍ ဆိုင်ရေး ဆိုင်ခွင့်ရှိသည့် ပိုင်ဆိုင်မှုမှတ်တမ်းများ၊ စာချုပ်စာတမ်းများစသည့် ခိုင်လုံ သော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာစာ ပါရှိသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးနေလင်းစိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၂၉၂)**
**အမှတ်(၁၄၀)၊ အောင်သုခ(၃)လမ်း၊ မြို့မရပ်ကွက်၊ လှည်းကူးမြို့။**
**ဖုန်း-၀၉-၄၂၀၅၉၄၉၇**

## ဒေါ်သန်းသန်း(စစ်ကိုင်း)
## အသက်(၉၉)နှစ်

စစ်ကိုင်းမြို့(ဦးဘချို-ဒေါ်နွဲ့)တို့၏ သမီး၊ ကုန်းဘောင်မင်းဆက် (အနွယ်တော်)(လင်းပင်ထိပ်တင်လပ်-ရွှေပြည်ခင်ခင်ကြီး)တို့၏ ချွေးမ၊ လင်းပင်တင်တင်ကလေး၏ ဇနီး၊ (ဦးတင်ဆွေမြင့်-ဒေါ်ခင်ဆွေဝင်း)၊ ဒေါ်တင်တင်အေး၊ ဒေါ်တင်တင်အုန်း၊ ဒေါ်တင်တင်ခိုင်၊ (ဦးအောင်မြင့်)-ဒေါ်တင်မမ၊ ဦးတင်မောင်မောင်(အနွယ်တော်)၊ ဦးတင်မောင်လှိုင်-ဒေါ်ကြူကြူစိန်၊ ဦးမျိုးမင်းမင်းစိန်၊ ဒေါ်တင်တင်လှ၊ ဒေါ်တင်တင်ယု၊ ဒေါ်တင်ဖုန်းမြင့်တို့၏ မိခင်၊ မြေးခုနစ်ယောက်၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၁၅-၅-၂၀၂၃ (တနင်္လာနေ့) နံနက် ၁၁:၁၅နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၂၃ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ၁၀၆x၁၀၆(A)ကြား၊ ၆၄(B)၊ ဏ-၆/၃၃၊ မြို့သစ်(၁)အထက်ပါနေအိမ်မှ တောင်အင်း၊ မြောက်အင်း သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးခင်ကျော်
### ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား)
## အသက်(၉၇)နှစ်

စစ်ကိုင်းမြို့နေ (ဦးဘိုးလှ-ဒေါ်အေးမယ်)တို့၏သားထွေး၊ မန္တလေးမြို့နေ (ဦးဘိုးအုံ-ဒေါ်သစ်သစ်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၅) ရပ်ကွက်၊ ဘောက်ထော်ဘူတာရုံလမ်း၊ အမှတ်-၂၄နေ (ဒေါ်ခင်မမ)၏ခင်ပွန်း၊ ဒေါ်ခင်မြဦး-ဦးဇော်ဝင်း၊ ဦးကျော်ချမ်းသာ-ဒေါ်ကြည်ကြည်တင်၊ ဦးကျော်ဇေယျ၊ ဒေါ်ခင်ဆွေမြင့်-ဦးမြင့်သိန်း၊ ဒေါ်ခင်စိုးမူ-ဦးလင်းစိုး၊ ဦးကျော်ရန်နိုင်၊ ဦးကျော်သူရ၊ ဦးကျော်ချမ်းအေး၊ ဦးကျော်ဖြိုးအောင်-ဒေါ်ဝတ်ရည်ခင်တို့၏ ဖခင် မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုး ဦးခင်ကျော်သည် ၁၄-၅- ၂၀၂၃(တနင်္ဂနွေနေ့) ညနေ ၆:၄၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၂၃ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၂၃ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### ဦးမောင်စိုး(ခ)ဦးစိုး

သူငယ်ချင်း ဗိုလ်ကြီးခင်မောင်ဇော်(ငြိမ်း)-ဒေါ်ယဉ်ယဉ်မျိုးမြင့်အောင်တို့၏ ဖခင်ဖြစ်သူ ဦးမောင်စိုး(ခ)ဦးစိုး အသက်(၈၈)နှစ်သည် ၁၂-၅-၂၀၂၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**သူရ(၉၈)မှ ကျောင်းဆင်းသူငယ်ချင်းများ**

# သင့်
# သွေးဖြင့်
# အသက်
# ကယ်ပါ

## ဒေါ်သန်းသန်း(စစ်ကိုင်း)
## အသက်(၉၉)နှစ်

စစ်ကိုင်းမြို့(ဦးဘချို-ဒေါ်နွဲ့)တို့၏သမီး၊ ကုန်းဘောင်မင်းဆက် (အနွယ်တော်) (လင်းပင်ထိပ်တင်လပ်-ရွှေပြည်ခင်ခင်ကြီး) တို့၏ချွေးမ၊ လင်းပင်တင်တင်ကလေး၏ဇနီးသည် ၁၅-၅-၂၀၂၃ (တနင်္လာနေ့)တွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသည်။

ဘွားဘွားကြီး ကောင်းရာသုဂတိလားပါစေ

**မြေးဦး - ဦးကျော်စွာဆွေ(ဆမ)-ဒေါ်မိုးမိုးနိုင်**
**သား - မောင်လင်းထက်၊ မောင်မင်းဆက်**

**မိသားစု**

## ဒေါ်တင်ဝင်း (ပဲခူး) (ပြန်/ဆက် -ငြိမ်း)
## အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ မြောင်းကြီးလမ်း၊ အမှတ်(၂၆)၊ မြေညီထပ်နေ(ဦးထွန်းလွင်-ဒေါ်မြကျင်)(ပဲခူး)တို့၏သမီး၊ (ဦးထွန်းတင်-ဒေါ်စော)တို့၏ သမီးချွေးမ၊ ဦးမြလှိုင် (တရားလွှတ်တော်ရုံးချုပ်ရှေ့နေ၊ အငြိမ်းစားမြို့နယ်တရားသူကြီး)၏ ချစ်လှစွာသောဇနီး၊ ဦးရန်လင်းထွန်း-ဒေါ်ဥမ္မာလှိုင်၊ ဒေါ်ရူပါလှိုင်တို့၏ မွေးသမိခင်၊ မခြူးဝတ်မှုံသင်း၊ မယွန်းဝတီထွန်း၊ မောင်ဗညားအောင်၊ မဖူးဝတ်ရည်စံတို့၏အဘွားဖြစ်သူ ဒေါ်တင်ဝင်းသည် ၁၅-၅-၂၀၂၃ (တနင်္လာနေ့) နံနက် ၇:၄၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၂၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၅-၂၀၂၃ရက် နံနက် ၇နာရီ မှ ၁၀နာရီအထိ အထက်ပါနေအိမ်၌ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည် ဖြစ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါက်တာ မောင်မောင်တာ
## အသက်(၆၈)နှစ်

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်နေ (ဦးသိုက်ထွန်း-ဒေါ်မြမြ) တို့၏သား၊ ဒေါ်လှလှဌေး(အေးချမ်းသာဆေးခန်း)၏ ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်အေးအေးစိုး)၊ဒေါ်စီစီ၊ ဒေါ်နွယ်နီထွန်းတို့၏မောင်/အစ်ကို၊ ကိုကျော်ဇင်သန့်-မထက်မြတ်လွင်၊ ကိုကောင်းထက်လွင်-မကျော့ကျော့ဝင်း၊ ဒေါက်တာသက်နောင်စိုး-မခင်ရည်မွန်မြင့်တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေးလေးယောက်တို့၏အဘိုးဖြစ်သူ ဒေါက်တာ မောင်မောင်တာသည် ၁၄-၅-၂၀၂၃ရက် ညနေ ၃ နာရီတွင် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် ၁၆-၅-၂၀၂၃ရက် မွန်းလွဲ ၂ နာရီတွင် ဗိုလ်မင်းရောင်ရပ်ကွက်နေအိမ်မှ တပ်ကုန်းမြို့မသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ညှိုးငယ်စွာဖြင့် အကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်မာမာဌေး
## အသက်(၇၃)နှစ်

ဗိုလ်မှူးထက်အောင်ဝင်း(ငြိမ်း)-ဒေါ်နှင်းစုလှိုင်အေးတို့၏ မိခင်ဖြစ်သူ ဒေါ်မာမာဌေးသည် ၁၃-၅-၂၀၂၃ ရက်နေ့တွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ သူငယ်ချင်းမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၂၇) ကျောင်းဆင်းအရာရှိမိသားစုများ**

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဒေါက်တာမြတ်ကိုလင်း(ခ)မိုဟာမဒ်မူဆာ
### MBBS (Ygn)ဒုတိယနှစ်(မေ့ဆေးအထူးပြုသင်တန်းသား)
### ဆေးတက္ကသိုလ်(၂)ရန်ကုန်
## အသက်(၃၈)နှစ်

အင်းစိန်မြို့နယ်၊ အောင်ဇေယျအိမ်ရာ၊ တိုက်(၁၉)၊ အခန်း(၁၀၄)နေ ဦးမြင့်ကြည်-ဒေါ်မြင့်မြင့်ကြည်တို့၏ သားကြီး၊ ဒေါက်တာဆုလတ်ခိုင်-ကိုစန်းသီဟဇော်၊ ကိုထင်ကျော်နိုင်တို့၏အစ်ကိုသည် ၁၃-၅-၂၀၂၃ရက်တွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၄-၅-၂၀၂၃ရက် နံနက် ၁၁နာရီတွင် ရေဝေးစွန္နီမွတ်စလင်(မ်) ကဗ္ဗရ်စတာန်ဥယျာဉ်တော်တွင် ဒဖ်နာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

## မြို့မကျောင်းသားကျောင်းသူဟောင်းအသင်း
## ဒေါ်ရီရီ
### မြို့မကျောင်းသူဟောင်း(ကန်တော့ခံပုဂ္ဂိုလ်)
## အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ (၁၄)လမ်း၊ ခြံအမှတ်(၅)နေ (ဦးလွန်းရှိန်)၏ ဇနီးသည် ၁၄-၅-၂၀၂၃ရက် (တနင်္ဂနွေနေ့) နံနက် ၉:၃၂ နာရီတွင်ကွယ်လွန်သွားပါ၍ ၁၆-၅-၂၀၂၃ရက် (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း မြို့မမိသားစုများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးမောင်မောင်ဝင်း
## အသက်(၇၄)နှစ်

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်နေ (ဦးချစ်စိန်-ဒေါ်လုံးတင်)တို့၏သား၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်တောင်ရပ်ကွက်၊ အမှတ်-၁၉၊ (၆)လွှာ(ယာ) ကျောင်းလမ်းနေ ဒေါ်ကြည်ကြည်ဝင်း၏ချစ်လှစွာသောခင်ပွန်း၊ မတင်စန္ဒာအောင်၊ မဖြူဖြူဝင်း၊ မောင်သိန်းထိုက်ဇော်-မဝေမာဖြိုးတို့၏ချစ်လှစွာသောဖခင်ကြီးသည် ၁၄-၅-၂၀၂၃(တနင်္ဂနွေနေ့) ည ၁၁:၂၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၆-၅-၂၀၂၃(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီ ထွက်ပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၂၃(စနေနေ့)တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဋ) ရပ်ကွက်၊ ဣန္ဒြာ (၁၀) လမ်း၊ အမှတ် - ၇၂၉ ဟု ခေါ်တွင်သော အကျယ်အဝန်း ပေ(၄၀ x ၆၀) ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂) ခန်းတွဲ (၅) ထပ်တိုက်ရှိ ၄-လွှာ (ခြေရင်းခန်း)၊ ဒုတိယထပ်(ဘီ)၊ အကျယ်အဝန်း ပေ(၁၈ x ၅၅)ရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့် ဆက်စပ်လျက်ရှိသော ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်လျက်ရှိသော ၁။ ဒေါ်ဇင်မွန်သူ [၁၂/ဒဂမ(နိုင်)၀၁၆၁၃၃]၊ ၂။ ဒေါ်ပြည့်ဖြိုးမွန် [၁၂/ဒဂမ(နိုင်)၀၂၆၉၃၃]၊ ၃။ ဒေါ်မြတ်မွန်အောင် [၁၂/ဒဂမ(နိုင်)၀၄၉၄၃၇] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝေမာမြင့်က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ချိုချိုမာ**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၄၀)**
**အမှတ်(၇၈၇)၊ သုဇာတာ(၁၀)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၃၀၆၃၅၈၁**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးသက်ခိုင်
### အငယ်တန်းလက်ရေးတိုလက်နှိပ်စက်(ယာဉ်မောင်းတာဝန်)
### ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနခွဲ
## အသက်(၅၂)နှစ်

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနခွဲမှ အငယ်တန်းလက်ရေးတိုလက်နှိပ်စက်(ယာဉ်မောင်းတာဝန်) ဦးသက်ခိုင် အသက်(၅၂)နှစ်သည် ၁၅-၅-၂၀၂၃(တနင်္လာနေ့) နံနက်(၀၀:၀၂)နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်လုပ်ဆောင်းကုန်း (တောင်ရပ်ကွက်)၊ ဂန္ဓမာလမ်း၊ အမှတ် (၂၄) ဟု ခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂) ခန်းတွဲ၊ (၆) ထပ်တိုက်၏ စတုတ္ထထပ် (ခေါင်းရင်းအခန်း)၊ အကျယ်အဝန်း (အလျား ၁၂ $\frac{၁}{၂}$ ပေ × အနံ ၅၀ ပေ) ရှိ လူနေထိုင်ခွင့်ရ ရေမီးအပြည့်အစုံပါဝင်သည့် တိုက်ခန်းတစ်ခန်းနှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင်စာချုပ်စာတမ်းများဖြင့် လက်ဝယ်ပိုင်ဆိုင်သူ **ဦးနော်လီဆန်း** (၁/မကန (နိုင်) ၁၀၁၅၃၇)၊ **ဒေါ်ထုနန်** (၁/မကန (နိုင်) ၀၉၇၇၂၀) တို့ထံမှ **ဦးရာဂျူး** (၁၂/စခန (ဧည့်) ၀၀၀၁၂၄) နှင့် **ဒေါ်မေသီကျော်** (၁၂/စခန (နိုင်) ၀၁၉၀၁၈) တို့မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရံငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါတိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ဥပဒေအရ ပိုင်ရေးပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်စာချုပ်စာတမ်း မူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့် ရက်ကျော်လွန်ပါက အထက်ပါ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးတိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရာဂျူး + ဒေါ်မေသီကျော်**
**၁၂/စခန (ဧည့်) ၀၀၀၁၂၄ ၁၂/စခန (နိုင်) ၀၁၉၀၁၈**
**အမှတ် (၂၅/ခ)၊ မြေညီထပ်၊ ရတနာတိုးချဲ့လမ်း၊ (၁၂) ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉ - ၅၀၁၇၂၃၁၊ ၀၉ - ၄၄၃၀၁၆၁၅၃**


## ဦးသန်းဦး
## အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ အမှတ်(၅၉)၊ ပထမထပ်၊ ဇီဇဝါလမ်း၊ (၈)ရပ်ကွက်၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်နေ (ဦးတင်လှ)-ဒေါ်ရင်ရင်မြင့်တို့၏သားကြီး၊ ဦးဆန်းလွင်-ဒေါ်ဥမ္မာဝင်း၊ ဦးဝင်းသန်းလှိုင်၊ ဦးအောင်မျိုးမင်း-ဒေါ်သူဇာဆွေ၊ ဒေါ်ဟေမာစိုး၊ ဦးဇော်ထက်-ဒေါ်ခင်သန္တာစိုးတို့၏ အစ်ကိုကြီး၊ မောင်ကျော်ခိုင်ဦး-မမေဇင်ထက်တို့၏ ချစ်လှစွာသောဖခင်၊ မောင်ဇင်မင်းဖြိုး၊ မောင်ခန့်ဇင်ဖြိုး၊ မဆုမြတ်စန္ဒီမျိုးမင်း၊ မောင်သူရိယဇော်ထက်၊ မထက်မြတ်နိုးခင်တို့၏ ချစ်လှစွာသော ဘကြီး ဦးသန်းဦးသည် ၁၃-၅-၂၀၂၃ရက် (စနေနေ့) နံနက် ၁၁:၃၀ နာရီတွင်(၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့်၁၅-၅- ၂၀၂၃ (တနင်္လာနေ့) နံနက် ၁၀:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပြီဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။


ကျန်ရစ်သူမိသားစု

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

- ရိုးရိုးမီးလုံး၊ မီးချောင်းထက် Energy Saving Lamp ကို ရွေးချယ် အသုံးပြုသင့်သည်။
- Energy Saving Lamp ထက် LED မီးလုံး မီးချောင်းများကို ရွေးချယ် အသုံးပြုသင့်သည်။







## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME) များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။


(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

**❖ နိုင်ငံရေးစနစ်အရ ပါတီစုံဒီမိုကရေစီစနစ်ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး အုပ်ချုပ်ရေးပုံစံစနစ်အရ ဒီမိုကရေစီအုပ်ချုပ်ရေးနှင့် ဖက်ဒရယ်အုပ်ချုပ်ရေးကို ပေါင်းစပ်ထားသည့် အုပ်ချုပ်မှုပုံစံကိုသွားရမည်ဖြစ်....**

**❖ တိုင်းရင်းသားအားလုံး၊ ပြည်သူများအားလုံးနှင့် နိုင်ငံသားအားလုံးကလိုလားသည့် အုပ်ချုပ်ရေးစနစ်ပင်ဖြစ်....**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများအား တွေ့ဆုံလမ်းညွှန် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)



မြန်မာအမျိုးသမီးအသင်းနှင့် ဗီယက်နမ်အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်း ငွေတံဆိပ်ဖြင့် ကျေနပ်ခဲ့ရ

ရန်ကုန် မေ ၁၅

(၃၂) ကြိမ်မြောက် ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို မေ ၁၅ ရက်က အိုလံပစ်အမျိုးသားကွင်း၌ ကျင်းပရာ မြန်မာအသင်း ငွေတံဆိပ်ဖြင့် ကျေနပ်ခဲ့ရသည်။

**ငွေတံဆိပ်ဖြင့်သာကျေနပ်ခဲ့**

ဗိုလ်လုပွဲတွင် ဗီယက်နမ်အသင်းက မြန်မာအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ တတိယနေရာလုပွဲတွင် ထိုင်းအသင်းက အိမ်ရှင်ကမ္ဘောဒီးယားအသင်းကို ခြောက်ဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် ပထမဆုံး ရွှေတံဆိပ်ရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ငွေတံဆိပ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ ဗိုလ်လုပွဲအဆင့်တွင် ဗီယက်နမ်အသင်းနှင့် တွေ့ဆုံသည့် သုံးကြိမ်စလုံး အရေးနိမ့်ခဲ့ပြီး ဗိုလ်လုပွဲ လေးကြိမ်တက်ရောက်ရာတွင် လေးကြိမ်စလုံး ငွေတံဆိပ်ဆုဖြင့် ကျေနပ်ခဲ့ရသည်။ စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❂

## အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းနိုင်ကြောင်း အသိပေးကြေညာခြင်း

မြန်မာနိုင်ငံအတွင်း (၁၄-၅-၂၀၂၃)ရက်နေ့က ဖြစ်ပွားခဲ့သော အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်သူများအတွက် ပြည်တွင်းပြည်ပစေတနာရှင်များအနေဖြင့် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းနိုင်ပါသည်။

မြန်မာကျပ်ငွေများကို **အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေ၊** OA-011834 သို့လည်းကောင်း၊ နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ) ကို **Natural Disaster Management Fund ၊ 1DA-0300086** သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းနှင့် အလှူပစ္စည်းများကို တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များတွင် လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

## အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ တပ်မတော်(ရေ)က စစ်ရေယာဉ်များဖြင့် ပို့ဆောင်

နေပြည်တော် မေ ၁၅

အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို လိုအပ်သောပစ္စည်းများ၊ ကူညီထောက်ပံ့မှုများ ပေးနိုင်ရန် စစ်ရေယာဉ်(၅၅၄)သည် တပ်မတော်(ရေ)က ကြက်ဥ ၅၀၀၀၊ ကြက်သားပိဿာ ၅၀၀ ခန့်၊ ခေါက်ဆွဲခြောက် ဖာ ၁၀၀ နှင့် တစ်လီတာ ရေသန့်ကတ် ၆၀၀ တို့ကို တင်ဆောင်၍ ကူညီကယ်ဆယ်ရေး ဆောင်ရွက်မည့် စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ✻



မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများကို စစ်ရေယာဉ်မှတ္တမပေါ်သို့ တင်ဆောင်နေစဉ်။

**ယနေ့ ဖတ်စရာ**

**ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဝင်ရောက်တိုက်ခတ်မှုကြောင့် တိုင်းဒေသကြီး / ပြည်နယ်များရှိ ရပ်ကွက် / ကျေးရွာများ၌ လူနေအိမ် ၈၆၄ လုံး၊ သာသနိကအဆောက်အအုံ ၁၁ လုံး၊ ဘုန်းတော်ကြီးကျောင်း ၁၆ ကျောင်း၊ စာသင်ကျောင်း ၆၄ ကျောင်း၊ ဆေးရုံ / ဆေးခန်း ၁၄ ခု၊ ဆက်သွယ်ရေးတာဝါတိုင် ခုနစ်ခု၊ လမ်းမီးတိုင် ၇၁ တိုင်၊ ဌာနဆိုင်ရာအဆောက်အအုံ ၃၈ လုံး ပျက်စီးခဲ့**

စာမျက်နှာ » ၁၆